# မြန်မာနိုင်ငံတွင် ကလေးများအား
# စစ်သားအဖြစ် အသုံးပြုမှု ရပ်တန့်ရေး

# End the Use of Children as Soldiers in Burma




မြန်မာနိုင်ငံနှင့် ကလေးစစ်သားများ အခြေအနေ

HREIB

**Author:** Aung Myo Min
Director,**HREIB**

**Layout & Design By:** **HREIB** Team

**Published By:** Human Rights Education Institute of Burma**(HREIB)**

**Contact Address:** P.O Box - **37**
Chiang Mai University P.O
Chiang Mai , **50202**
**Thailand**

**E-Mail:** hreburma@loxinfo.co.th

**Webside:** www.hreib.org

**First Edition:** 3000 copies, March 2004
(c) Aung Myo Min

# မြန်မာနိုင်ငံတွင် ကလေးများအား စစ်သားအဖြစ်အသုံးပြုမှု ရပ်တန့်ရေး




## ၁ မြန်မာနိုင်ငံနှင့် ကလေးများ၏အခြေအနေ

အရှေ့တောင်အာရှ နိုင်ငံတနိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံနှင့် တရုပ်နိုင်ငံ၊ အနောက်ဘက်တွင် တောင်အာရှနိုင်ငံများဖြစ်သော အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများဖြင့် ထိစပ်လျက်ရှိသောကြောင့် တောင်အာရှနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား မဟာဗျူဟာကျသည့် နိုင်ငံတနိုင်ငံဖြစ်ပါသည်။ ဘာသာစကားပေါင်းတစ်ရာကျော် ပြောဆိုသော မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်လျှက်ရှိသည်။ ထင်ရှားသော တိုင်းရင်းသားလူမျိုးစုများမှာ မြန်မာ၊ ရှမ်း၊ ကရင်၊ မွန်၊ ချင်း၊ ကချင်၊ ရခိုင်နှင့် ကရင်နီတို့ ဖြစ်ကြပါသည်။ မြန်မာနိုင်ငံသည် သဘာဝသယံဇာတပေါများကြွယ်ဝသော နိုင်ငံတခု ဖြစ်သော်လည်း ၁၉၈၇ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂမှ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံး နိုင်ငံတခုအဖြစ် သတ်မှတ်ကြေညာခြင်း ခံခဲ့ရပါသည်။ ၁၉၉၀ မှ ၂၀၀၁ ခုနှစ်ကာလအတွင်း စီးပွားရေးအသင့်အတင့် တိုးတက်လာခဲ့သည်ဟု မှတ်တမ်းတင်ခဲ့သော်လည်း စစ်အစိုးရက ထိမ်းချုပ်ထားသောဒေသများရှိ လူနည်းစုလောက်သာ အကျိုးခံစားခဲ့ကြရခြင်းဖြစ်ပြီး အများစုသော လူထုကြီးမှာမူ ဆင်းရဲမွဲတေမြဲပင် ဖြစ်ပါသည်။

## မြန်မာနိုင်ငံအတွင်းရှိ ကလေးများနှင့် ဆင်းရဲနွမ်းပါးမှုအခြေပြဇယား

| အကြောင်းအရာ | မြန်မာနိုင်ငံ | အရှေ့ အာရှပစိဖိတ် ဒေသ နိုင်ငံများ၏ ပျမ်းမျှနှုန်း |
|---|---|---|
| ၁။ လူဦးရေ (၂၀၀၁) | ၄၈ ၃၈၄ ၀၀၀ | |
| ၂။ အသက် ၁၈ နှစ်အောက် | ၁၈ ၇၅၂ ၀၀၀ | |
| ၃။ တဦးချင်း၏ အသားတင် နိုင်ငံဝင်ငွေ (၂၀၀၁) | ၂၂၀ | ၁၁၄၀ |
| ၄။ တဦးချင်း ပြည်တွင်း အသားတင် ထုတ်လုပ်မှု (၁၉၆၀–၁၉၉၀) | ၁.၄ | ၅.၁ |
| ၅။ တဦးချင်း ပြည်တွင်း အသား တင်ထုတ်လုပ်မှု(၁၉၉၀–၂၀၀၁) | ၅.၁ | ၆.၁ |
| ၆။ ပျမ်းမျှ နှစ်စဉ်ငွေကြေးဖောင်းပွမှုနှုန်း | ၂၅ | ၇ |
| ၇။ အစိုးရမှ ဘဏ္ဍာရေးခွဲဝေ ချထားမှု ရာခိုင်နှုန်း | | |
| ကျန်းမာရေးကဏ္ဍ | ၃ | ၂ |
| ပညာရေး ကဏ္ဍ | ၈ | ၁၀ |
| ကာကွယ်ရေး ကဏ္ဍ | ၂၉ | ၁၂ |
| ၈။ အသက်(၅)နှစ်အောက် သေဆုံးနှုန်း (၂၀၀၁) | ၁၀၉ | ၄၃ |
| ၉။ မွေးကင်းစကလေး သေဆုံးနှုန်း (၂၀၀၁) | ၇၇ | ၃၃ |
| ၁၀။ ပုံမှန်ကြိုတင်ကာကွယ်ဆေး လုပ်ငန်းများအတွက် အစိုးရ ထောက်ပံ့ပေးမှုရာခိုင်နှုန်း | ၀ | ၉၃ |
| ၁၁။ အခြေခံပညာရေးသင်ကြားသူ ၁၉၉၅–၂၀၀၁ | ၆၈ | ၉၁ |



မြန်မာနိုင်ငံတွင် စစ်တပ်မှ ၁၉၆၂ ခုနှစ်ကတည်းက အာဏာသိမ်းယူခဲ့ပြီး ယခုတိုင် စစ်အစိုးရက အုပ်ချုပ်လျက်ရှိသည်။ စစ်တပ်၏အုပ်ချုပ်မှုအောက် တလျောက်လုံးတွင် မြန်မာနိုင်ငံသားများ၏ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများမှာ ဖိနှိပ်ကန့်သတ်ချုပ်ချယ် ခံခဲ့ရပါသည်။

၁၉၈၈ ခုနှစ် ဒီမိုကရေစီတောင်းဆိုလှုပ်ရှားမှုများ တပြည်လုံးတွင်ဖြစ်ပွားခဲ့ပြီးနောက် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီထံမှ အာဏာသိမ်းယူခဲ့သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (SLORC) စစ်အစိုးရက ၁၉၉၀ ခုနှစ်တွင် ဒီမိုကရေစီရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပါသည်။ ထိုရွေးကောက်ပွဲတွင် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အတိုက်အခံပါတီမှ နိုင်ငံတဝှမ်းလုံးတွင် မဲအရေအတွက်အများဆုံးဖြင့် အနိုင်ရရှိခဲ့သော်လည်း စစ်အစိုးရမှ ၎င်းရွေးကောက်ပွဲ၏ ရလာဒ်များကို ငြင်းပယ်ခဲ့သည့်အပြင် ရွေးချယ်ခံခဲ့ရသော နိုင်ငံခေါင်းဆောင်များကိုပင် ဖမ်းဆီးထိမ်းသိမ်း ချုပ်နှောင်ထားလျက် ရှိပါသည်။ ပြည်သူများ၏ သတင်းစာနယ်ဇင်းလွတ်လပ်ခွင့်နှင့် သွားလာလှုပ်ရှားခွင့်များကို ပိုမိုတင်းကြပ်စွာ ထိမ်းချုပ်ခံခဲ့ရသလို လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အစိုးရအတွင်း အဂတိလိုက်စားမှု၊ လာဒ်ပေးလာဒ်ယူမှုများမှာလည်း မြင့်တက်လာခဲ့ပါသည်။ ၁၉၉၇ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (SLORC) မှ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (SPDC – နအဖ) သို့ အမည်ပြောင်းလဲခဲ့သော်လည်း ၎င်း၏ပေါ်လစီမှာမူ ပြောင်းလဲမှုမရှိခဲ့ပါ။ ယနေ့အချိန်အထိ အဓိကနိုင်ငံရေးအတိုက်အခံ ခေါင်းဆောင်များမှာ ထောင်သွင်းအကျဉ်းချ ခံနေရဆဲပင်ဖြစ်ပြီး တိုင်းပြည်မှာ ဆင်းရဲမွဲတေနေဆဲနှင့် လူ့အခွင့်အရေးများမှာလည်း ချိုးဖောက်ခံနေရဆဲပင် ဖြစ်ပါသည်။ စစ်အစိုးရက ပြည်သူများကို အဓမ္မလုပ်အားပေးစေခိုင်းမှုများနှင့် အခြားသောလူ့အခွင့်အရေး ချိုးဖောက်မှုမျိုးစုံတို့ကြောင့် နအဖအပေါ် အနောက်နိုင်ငံတချို့က စီးပွားရေး ပိတ်ဆို့တားဆီးခြင်းအပါအဝင် အခြားသံတမန်နည်းများဖြင့် အရေးယူမှုများကိုလည်း ရင်ဆိုင်နေရလျက်ရှိပါသည်။

မြန်မာနိုင်ငံမှ ကလေးငယ်များသည် နိုင်ငံအတွင်း နိုင်ငံရေးမတည်ငြိမ်မှုများနှင့် လက်နက်ကိုင် ပဋိပက္ခများ၏ ဆိုးကျိုးဆက်များကို တွေ့ကြုံရင်ဆိုင် ခံစားနေကြရပါသည်။ မြန်မာနိုင်ငံရှိ ကလေးသူငယ်များ၏ မျိုးဆက်သုံးဆက်သည် နိုင်ငံရေးအကြမ်းဖက်မှု၊ စစ်တပ်၏ နှိပ်စက်ညှဉ်းပန်းမှု၊ နေရာအတည်တကျ နေထိုင်ခွင့်မရရှိမှု၊ မိသားစုများဖြင့် ခွဲခွာနေရမှုနှင့် လူသားတို့အတွက် လိုအပ်သည့် အခြေခံထောက်ပံ့ပေးမှုများ ယိုယွင်းပျက်စီးနေသည်များ အကြားတွင် အသက်ရှင်သန် ကြီးပြင်းလာခဲ့ကြရပါသည်။ မြန်မာနိုင်ငံရှိ ကလေးငယ်များနှင့် ၎င်းတို့၏ မိသားစုများသည် ထိုသို့သော အခြေအနေများတွင် ၎င်းတို့ အသက်ရှင်နေထိုင်ရေးအတွက် နည်းလမ်းများကို ရနိုင်သရွေ့ ကြိုးစားရှာဖွေရလျက်ရှိသည်။ နိုင်ငံအတွင်းတွင် ထိုသို့

အသက်ရှင်သန်ရေးအတွက် ကြိုးစားရုန်းကန်လျက်ရှိနေစဉ်မှာပင် ထောင်ပေါင်းရာနှင့်ချီသော သူများသည် ၎င်းတို့၏ အိမ်နီးနားချင်းနိုင်ငံများသို့ တိမ်းရှောင်လျက် တရားမဝင် အလုပ်သမားများ အဖြစ်နှင့်ဖြစ်စေ၊ ဒုက္ခသည်များအဖြစ်နှင့်ဖြစ်စေ အသက်ရှင်သန် နေထိုင်ကြရလျက်ရှိပါသည်။

## မြန်မာနိုင်ငံမှ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခြေအနေ

"မြန်မာနိုင်ငံနှင့် ထိစပ်လျက်ရှိသော ထိုင်းနိုင်ငံနယ်စပ်တလျောက်တွင်ရှိသည့် ဒုက္ခသည်စခန်းများတွင် မြန်မာနိုင်ငံမှဒုက္ခသည် အနည်းဆုံးတသိန်းငါးသောင်းခန့် မှတ်ပုံတင်ကာ ခိုလှုံလျက်ရှိပါသည်။ တိုင်းရင်းသားလူမျိုးစုများနှင့် အစိုးရစစ်တပ်များအကြား ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်ပဋိပက္ခ စစ်ပွဲများ၏ အကျိုးဆက်ကြောင့်ဖြစ်စေ၊ စီးပွားရေးကြပ်တည်းမှု တို့ကြောင့်ဖြစ်စေ အိုးအိမ်ပစ်၍ ထွက်ပြေးတိမ်းရှောင် လာခဲ့ကြသော နောက်ထပ်လူဦးရေ သုံးသိန်းလေးသောင်းခန့်မှာလည်း ထိုင်းမြန်မာနယ်စပ်တလျောက်နှင့် ထိုင်းနိုင်ငံအတွင်းတွင် ပြန့်ကျဲစွာ နေထိုင်လျက်ရှိသည်။ " ဟု ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၏ အရှေ့ အာရှပစိဖိတ်ဒေသဆိုင်ရာရုံးမှ ၂၀၀၀ ခုနှစ် အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

## နိုင်ငံအတွင်းရှိ အခြေတကျမနေနိုင်ဘဲ လှည့်လည်နေထိုင်နေရသူများ အခြေအနေ

၁၉၈၀ ခုနှစ်နှောင်းပိုင်းကာလများမှစ၍ စစ်အစိုးရသည် တိုင်းရင်းသားလူမျိုးစုများ အများဆုံးနေထိုင်လျက်ရှိသည့် ဒေသများကို ထိမ်းချုပ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖြတ်လေးဖြတ် စစ်ဆင်ရေးများကို အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံအတွင်း အခြေတကျမနေနိုင်ဘဲ လှည့်လည်နေထိုင်နေရသူများ ဖြစ်ပေါ်လာခဲ့သည်။

ဤစစ်အစိုးရ၏ စစ်ဆင်ရေးဒဏ်ကို အရှေ့ဘက်နယ်စပ်ဒေသများရှိ ကရင်၊ ကရင်နီ၊ ရှမ်းနှင့် မွန်လူမျိုးစု အုပ်စုများသာမက ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနယ်စပ်ဒေသများရှိ အခြားသောလူနည်းစု အုပ်စုများကိုပါ ထိခိုက်ခံစားခဲ့ရသည်ဟု နယ်ခြားမဲ့ ဆရာဝန်များအဖွဲ့၏ ၂၀၀၂ ခုနှစ်၊ မတ်လထုတ် အစီရင်ခံစာတွင် ဖော်ပြထားသည်။ ထိုသို့နိုင်ငံတွင်း အခြေတကျမနေနိုင်ဘဲ လှည့်လည်နေထိုင်နေရသူများ အရေအတွက်ကို လက်ရှိအနေဖြင့် တိတိကျကျမသိရသေးသော်လည်း ရရှိထားသောကိန်းဂဏန်း ဖော်ပြချက်များအရ မြန်မာနိုင်ငံအတွင်း အခြေတကျမနေနိုင်ဘဲ လှည့်လည်နေထိုင်နေရသူများ ဦး

ရေစုစုပေါင်းမှာ ၂၀၀၂ ခုနှစ်၊ အစောပိုင်းတွင် ခြောက်သိန်းမှဆယ်သိန်းအကြား ရှိနိုင်သည်ဟု မြန်မာနိုင်ငံ လူမျိုးစုတိုင်းရင်းသားများ သုတေသနအဖွဲ့၏၂၀၀၀ ခုနှစ်၊ စက်တင်ဘာလထုတ် အစီရင်ခံစာတွင် ခန့်မှန်းထားသည်။ မြန်မာနိုင်ငံအလယ်ပိုင်းရှိ မြို့ပြဒေသများ၌ နေထိုင်သူများသည်ပင် နိုင်ငံအတွင်း အခြေတကျမနေနိုင်ဘဲ လှည့်လည်နေထိုင်ရသူများ ဖြစ်လျက်ရှိသည်ဟုလည်း ထိုအစီရင်ခံစာ၌ ဖော်ပြထားသည်။

မြန်မာနိုင်ငံအတွင်း အခြေတကျမနေနိုင်ဘဲ လှည့်လည်နေထိုင်သူများ အများဆုံးရှိသောဒေသများ (ဇန္နဝါရီလ – ၂၀၀၂)

| ပြည်နယ်များ | ခန့်မှန်းလူဦးရေ |
|---|---|
| ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်း | ၃၀၀,၀၀၀ |
| ကရင်ပြည်နယ် | ၁၀၀,၀၀၀ –၂၀၀,၀၀၀ |
| ကရင်နီ (ကယား ) ပြည်နယ် | ၇၀,၀၀၀ – ၈၀,၀၀၀ |
| မွန်ပြည်နယ် | ၆၀,၀၀၀ – ၇၀,၀၀၀ |
| ရခိုင်ပြည်နယ်မြောက်ပိုင်း | ၁၀၀,၀၀၀ |

ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်ထံသို့ ၂၀၀၂ ခုနှစ်၊ ဇန္နဝါရီ ၁၀ ရက်တွင် တင်သွင်းခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံအတွင်းအခြေတကျမနေနိုင်ဘဲ လှည့်လည်နေထိုင်သူများ အစီရင်ခံစာကို ကိုးကားဖော်ပြထားပါသည်။



## ၂ မြန်မာနိုင်ငံရှိ ကလေးစစ်သားများ၏ အခြေအနေ

မြန်မာနိုင်ငံတွင် ဖြစ်ပွားနေလျက်ရှိသော ကလေးအခွင့်အရေးများအပေါ် ဆိုးဆိုးဝါးဝါး ချိုးဖောက်မှုများအနက် လက်နက်ကိုင် ပဋိပက္ခများအတွင်း ကလေးများပါဝင်နေမှုမှာ တခုအပါအဝင်ဖြစ်သည်။

ကလေးစစ်သားအသုံးပြုမှု ရပ်တန့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (The Coalition to Stop the Use of Child Soldiers) က တကမ္ဘာလုံးတွင် ကလေးစစ်သား စုစုပေါင်း သုံးသိန်းခန့် ရှိလိမ့်မည်ဟုခန့်မှန်းထားပြီး ထိုအရေအတွက်၏ လေးပုံတပုံမှာ အရှေ့အာရှနှင့်ပစိဖိတ်ဒေသတို့မှ ဖြစ်သည်ဟု ကုလသမဂ္ဂ ကလေးများရန်ပုံငွေ အဖွဲ့ (UNICEF) ကဆိုပါသည်။

မြန်မာနိုင်ငံသည် ကလေးများအား စစ်သားအဖြစ် အများဆုံးအသုံးပြုနေသော နိုင်ငံတနိုင်ငံဖြစ်သည်ဟု ဆိုကြပါသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့အစည်း တခုဖြစ်သော လူ့အခွင့်အရေး စောင့်ကြပ်လေ့လာသည့်အဖွဲ့ (Human Rights Watch) ၏ ၂၀၀၂ ခုနှစ်အတွင်းပြုလုပ်ခဲ့သော သုတေသနတွေ့ရှိချက်တွင် စစ်သည်အင်အားပေါင်း သုံးသိန်းငါးသောင်းခန့်ရှိသော မြန်မာစစ်အစိုးရ၏ ကြည်းတပ်တခုထဲမှာပင် ကလေးစစ်သား ပေါင်း အနည်းဆုံး ခုနှစ်သောင်းရှိသည်ဟု ခန့်မှန်းထားပါသည်။ ကျန်သောရေတပ်နှင့် လေတပ်တို့တွင် ကလေးစစ်သား မည်မျှရှိမည်ကို မတွက်ဆနိုင်သေးပါ။

စစ်အစိုးရ၏ စစ်တပ်ထဲတွင်သာမကဘဲ စစ်အစိုးရကို ဆန့်ကျင်တိုက်ပွဲဝင်နေလျက်ရှိသော အတိုက်အခံလက်နက်ကိုင်အဖွဲ့ပေါင်း အနည်းဆုံး (၃၃) ဖွဲ့တွင်လည်း အသက်



(၁၈) နှစ်အောက် လက်နက်ကိုင်တော်လှန်ရေးသမား အရေအတွက်မှာ ခြောက်ထောင်မှ ခုနစ်ထောင်အတွင်းရှိသည်ဟု ခန့်မှန်းထားပါသည်။ ထိုလက်နက်ကိုင် အဖွဲ့အစည်းအများစုမှာ နယ်စပ်ဒေသများတွင် အခြေချလှုပ်ရှားနေထိုင်ကြပြီး ၄င်းတို့အနက် အများစုမှာ မကြာသေးမီ ကာလအတွင်းက စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ် ရေးထိုးထားခဲ့ကြသော်လည်း ၎င်းတို့၏ စစ်တပ်အတွက် လူသစ်စုဆောင်းမှုများကိုမူ ဆက်လက်ပြုလုပ်နေဆဲပင်ဖြစ်သည်။

အနည်းဆုံး အတိုက်အခံအဖွဲ့ (၁၀) ဖွဲ့ခန့်မှာ အစိုးရ၏စစ်တပ်နှင့် ရင်ဆိုင်တိုက်ပွဲများ ဆက်လက်ဆင်နွှဲနေလျက်ရှိပြီး ထိုအုပ်စုများထဲတွင် ကလေးစစ်သားများ ပါဝင်နေလိမ့်မည်ဟု ခန့်မှန်းထားကြပါသည်။ သို့သော်လည်း ထိုအဖွဲ့များ၏ စွမ်းဆောင်မှုများ လျော့ကျလာမှုနှင့် ကလေးများကို စစ်သားသစ်စုဆောင်းခြင်းအပေါ် ရပ်တန့်ရန် တောင်းဆိုမှုအား ၎င်းတို့မှ အလေးထားလာမှုများကြောင့် များမကြာသေးမီနှစ်များအတွင်း ကလေးများကို စစ်သားအဖြစ် စုဆောင်းခြင်း သိသာစွာလျော့ကျလာသည်ကို တွေ့မြင်နိုင်ပါသည်။

## (၁) ကလေးစစ်သားဆိုသည်မှာ အဘယ်နည်း။

ကလေးစစ်သားဆိုသည်မှာ အမြဲတမ်းနှင့် အမြဲတမ်းမဟုတ်သော မည်သည့် လက်နက်ကိုင်တပ်ဖွဲ့ (သို့) လက်နက်ကိုင်အုပ်စု အမျိုးအစားတွင်မဆို လက်နက်ကိုင်သည်ဖြစ်စေ၊ လက်နက်မကိုင်သည်ဖြစ်စေ ချက်ပြုတ်ရန်၊ ပစ္စည်းထမ်းရန်၊ သတင်းပို့ဆက်သားအဖြစ် လုပ်ဆောင်ရန်နှင့် မိသားစုအဖွဲ့ဝင်များမဟုတ်ဘဲ ထိုအုပ်စုများနှင့် အတူလိုက်ပါခြင်းတို့အပြင် မိန်းကလေးများကို လိင်မှုဆိုင်ရာ ရည်ရွယ်ချက်များနှင့် အဓမ္မအိမ်ထောင်ပြုခြင်းများ ပါဝင်သော ပုံစံအမျိုးမျိုးဖြင့် စုဆောင်းထားသည့် အသက် ၁၈ နှစ်အောက် ယောကျ်ားလေး (သို့) မိန်းကလေး မည်သူ့ကိုမဆို ဆိုလိုပါသည်။
(အာဖရိကတိုက်ဆိုင်ရာ ကလေးစစ်သားစေခိုင်းမှုတားဆီးခြင်း၊ လက်နက်ဖျက်သိမ်းခြင်းနှင့် လူမှုဘဝများတွင် ပြန်လည်နေရာတကျဖြစ်စေခြင်း စည်းမျဉ်းများနှင့် အကောင်းဆုံးသော လုပ်ဆောင်မှုများမှ ကောက်နုတ်ချက်)

## (၂) ကလေးစစ်သားများ ဘာကြောင့်ဖြစ်လာရသနည်း။ ဘယ်လိုနည်းနှင့် ကလေးစစ်သားအဖြစ် စုဆောင်းခံရလေ့ရှိပါသလဲ။

နအဖစစ်တပ်ထဲတွင် ကလေးစစ်သားအဖြစ် စေခိုင်းခံရသော ကလေးများနှင့်ပတ်

သက်သည့် အစီရင်ခံစာများအရ  ကလေးစစ်သားအများစုသည် စစ်သားအဖြစ်လုပ်ဆောင်ရန် ဆန္ဒမပါဘဲ လိမ်လည်လှည့်ဖြားမှု၊ ခြိမ်းခြောက်မှုများကြောင့် စစ်တပ်အတွင်း ဝင်ရောက်လာခဲ့ကြသည်ကို တွေ့ရသည်။ အသက် (၁၈) နှစ်အောက် အရွယ်များကို စစ်သားအဖြစ်အမှုထမ်းစေခြင်း၊ အတင်းအကြပ် စစ်တပ်ထဲ ဝင်ရောက်ခိုင်းခြင်းများမရှိအောင် ဥပဒေအမိန့်များ ထုတ်ပြန်ထားသည်ဟု နအဖက ဆိုသော်လည်း လက်ရှိအစီရင်ခံစာများ၏ တွေ့ရှိချက်နှင့် တခြားစီဖြစ်နေသည်ကို တွေ့ရသည်။ အရွယ်မရောက်သေးသော ကလေးများကို စစ်တပ်ထဲဝင်ရောက်စေခိုင်းခြင်း၏ ဖြစ်နိုင်ခြေရှိသော အကြောင်းရင်းမှာ နိုင်ငံတော်ကို ထိမ်းချုပ်နိုင်ရန်အတွက် စစ်တပ်အင်အားကြီးမားရန် လိုအပ်သည့်အလျောက် စစ်သားများ လိုအပ်နေသည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းရန်အပြင် စစ်တပ်အတွင်းရှိ ဖျားနာသူ၊ ဒဏ်ရာရသူ၊ အသက်အရွယ်ကြီးသွားသူ၊ အခြားသောအကြောင်းအရာများဖြင့် တပ်မှထွက်ခွာသွားသူများနေရာတွင် စစ်သားသစ်များဖြင့် ပြန်လည်ဖြည့်တင်းရန် လိုအပ်ခြင်းကြောင့် ဖြားယောင်းသွေးဆောင်ရန် လွယ်ကူသော ငယ်ရွယ်သည့်သူများကို အကြပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်းနည်းလမ်းအမျိုးမျိုးဖြင့် စစ်တပ်အတွင်းသို့ဝင်ရောက်စေခြင်း ဖြစ်နိုင်သည်။ ထို့အပြင် စစ်တပ်အတွက် စစ်သားသစ်များ ရှာဖွေစုဆောင်းပေးနိုင်သည့်သူကို စစ်သားသစ် ရှာဖွေပေးနိုင်ပါကအခကြေးငွေများပေးသည့် စနစ်မျိုးကိုလည်း ကျင့်သုံးနေကြောင်း အစီရင်ခံစာများကဆိုသည်။ ထို့ပြင် မိဘမဲ့ ကလေးများကို ပြုစုစောင့်ရှောက်သည့် လူမှုဖူလုံရေး အစီအစဉ်များမှာလည်း အနာဂတ်အတွက် စစ်သားများကို စုဆောင်းမွေးထုတ်ပေးနေသည့် နေရာများဖြစ်နေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံအတွင်းတွင် ကလေးများ၏ မွေးစာရင်းများကို တိတိကျကျနှင့် စနစ်တကျ မှတ်တမ်းမတင်နိုင်ခြင်းကြောင့်လည်း လူပွဲစားများက ကလေးငယ်များ၏ အသက်အမှန်ကိုလိမ်ညာ၍ စစ်တပ်အတွင်း ဝင်ရောက်ခိုင်းခြင်းမျိုးကို စစ်ဆေးရန်အတွက် ခက်ခဲလျက်ရှိသည်။

**“ကျွန်တော့် အိမ်တံခါးကို စစ်သားငါးယောက်က အကျယ်ကြီးလာခေါက်တယ်။ ကျွန်တော်နှင့်အတူ အခြားအရွယ်တူငါးယောက်က ထွက်ပြေးလို့ မလွတ်တာကြောင့် စစ်သားတွေက ဖမ်းခေါ်သွားခဲ့တယ်။ ကျွန်တော်ငိုပေမဲ့ ကျွန်တော့်ကိုအိမ်ကနေ တရွတ်တိုက်ဆွဲခေါ်သွားပြီး လော်ပေါ်ကိုခေါ်တင်တယ်။ နောက်ပြီး ရန်ကုန်ကိုပို့လိုက်တယ်။ ကျွန်တော့်ကို ကလေးလိုမဆက်ဆံဘဲ လူကြီးတယောက်လို ဆက်ဆံတာပါဘဲ။”**

**( အသက် (၉) နှစ်အရွယ်တွင် နအဖစစ်တပ်သို့ဝင်ရောက်ရန် စေခိုင်းခံခဲ့ရပြီး ယခုအခါ အသက် (၂၁) နှစ် ရှိနေသော သူတဦးအား ကုလသမဂ္ဂ နိုင်ငံတကာ ကလေးများအရေးပေါ်ရန်ပုံငွေအဖွဲ့ (ယူနီဆက်) က တွေ့ဆုံမေးမြန်းခန်းမှ ကောက်နုတ်ချက်)**



များစွာသော အတိုက်အခံလက်နက်ကိုင် အဖွဲ့အစည်းများက အရွယ်မရောက်သေးသော ကလေးများကို လက်နက်ကိုင်တပ်များအတွင်း ဝင်ရောက်စေခိုင်းခြင်းကို မကျင့်သုံးတော့ကြောင်း မူဝါဒကြေညာချက်များကို ထုတ်ပြန်ကြေညာခဲ့ကြပါသည်။ သို့သော်လည်း မိဘများနှင့် တကွဲတပြားစီဖြစ်နေရသော ကလေးများအနေဖြင့် အခြားရွေးစရာ မရှိတော့သည့်အတွက်ကြောင့်လည်းကောင်း သို့မဟုတ် စစ်တပ်၏အကြမ်းဖက်မှုကို ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသော ကလေးများက ပြန်လည်လက်စားချေလိုသော စိတ်ကြောင့်လည်းကောင်း လက်နက်ကိုင်အဖွဲ့များထံ ဆန္ဒအလျောက် ဝင်ရောက်အမှုထမ်းရန် ချဉ်းကပ်လာမှုများလည်း ရှိလေ့ရှိပါသည်။

ဒီမိုကရေစီအရေးကို ထောက်ခံလှုပ်ရှားသူ၊ လူမျိုးစုအုပ်စုများ၏ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်လိုသူ၊ မိမိလူမျိုးများအတွက် ကာကွယ်စောင့်ရှောက် ပေးလိုသူများထဲတွင် အရွယ်မရောက်သေးသော သူများလည်းပါဝင်လာကာ ထိုသူများက မိမိဆန္ဒအလျောက် လက်နက်ကိုင်အဖွဲ့များသို့ ဝင်ရောက်ခြင်းမျိုးလည်းရှိပါသည်။ သို့ရာတွင် အချို့သော လက်နက်ကိုင် အဖွဲ့အစည်းများသည် ၎င်းတို့ထိမ်းချုပ်ထားသော နယ်မြေများအတွင်းတွင် အရွယ်မရောက်သေးသောသူများကို အတင်းအကြပ် လက်နက်ကိုင်စေခြင်း၊ စစ်မှုထမ်းရန် လူသစ်ကောက်ယူခြင်းများကို ဆက်လက်လုပ်ဆောင်လျက် ရှိနေဆဲပင်ဖြစ်သည်။

**“သူတို့က မိသားစုအားလုံးရဲ့ လူဦးရေစာရင်းကို ကောက်ထားတယ်။ အကယ်၍ ကိုယ့်မိသားစုမှာ သား (၂) ယောက်ရှိခဲ့ရင် သားတစ်ယောက်ကို ပေးရမှာဖြစ်တယ်။ တစ်ယောက်တည်းရှိရင်လည်း သူ့ကိုဆန္ဒအလျောက် စစ်မှုထမ်းဖို့ ခေါ်မှာပဲဖြစ်တယ်။ သူတို့သတ်မှတ်ထားတဲ့ အခွန်ပေးရတဲ့အခါမျိုးမှာ မပေးနိုင်ရင်တော့ သားတစ်ယောက်ကို စစ်တပ်အတွက် ပေးရမှာဖြစ်တယ်။” (ဒေသခံ လူ့အခွင့်အရေးနှင့် ကယ်ဆယ်ရေးဝန်ထမ်းတစ်ဦးကို ၂၀၀၂ ခုနှစ်တွင် လူ့အခွင့်အရေး စောင့်ကြပ်ရေးအဖွဲ့က တွေ့ဆုံမေးမြန်းခန်းမှ ကောက်နုတ်ချက်)**

ကလေးများ လက်နက်ကိုင်တပ်ဖွဲ့များထဲသို့ ဝင်ရောက်ရသည့် အခြားသော အကြောင်းအချက်များမှာ စစ်တပ်အရာရှိများ၊ တော်လှန်ရေးအဖွဲ့ဝင်များကို အားကျလေးစား၍ ကိုးကွယ်သည့် စိတ်ကြောင့်၎င်း၊ စစ်တပ်တွင် အရာရှိဖြစ်နိုင်သည့် စစ်ဗိုလ်သင်တန်းကို အထင်ကြီး၍ တက်ရောက်လိုသောကြောင့်၎င်း၊ စစ်သားတစ်ယောက် ဖြစ်လာပါကရရှိမည့် အခွင့်အာဏာကို လိုချင်မက်မောသောကြောင့်၎င်း၊ အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရယူထားသောအဖွဲ့ကို ဝင်ရောက်လိုက်ပါက ၎င်းတို့၏မိသားစုများအပေါ် အဓမ္မလုပ်အားပေး စေခိုင်းခြင်း၊ နေရာရွှေ့ပြောင်းခိုင်းခြင်းများမှ ကင်းလွတ်နိုင်ရန် ရည်ရွယ်ချက်ကြောင့်၎င်း၊ အိမ်တွင်းပြဿနာများနှင့် အခြားဖိအားပေးမှုများကြောင့်၎င်း၊ မိသားစုကို

ထောက်ပံ့နိုင်မည့် ဝင်ငွေရရှိရန် အတွက်ကြောင့်ငှင်း ဖြစ်ပါသည်။

အတင်းအကြပ် စေခိုင်းခံရသည်ဖြစ်စေ၊ ဆန္ဒအလျောက်ဖြစ်စေ၊ သို့မဟုတ် တဦးချင်းအခြေအနေနှင့် ခံယူချက်များကြောင့်ဖြစ်စေ သို့မဟုတ် ပြင်ပအကြောင်းအချက်များကြောင့်ဖြစ်စေ လက်နက်ကိုင်အဖွဲ့နှင့် စစ်တပ်များတွင် ပါဝင်နေသော ကလေးများအားလုံးမှာ ရှေ့တန်းစစ်မျက်နှာများတွင် ရုပ်ပိုင်းဆိုင်ရာ အန္တရာယ်များနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာရမှုများအားလုံးကို အကာအကွယ်မဲ့စွာ ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိသည်။

## (၃) လက်နက်ကိုင်တပ်ဖွဲ့များထဲတွင် ကလေးများသည် ဘာတာဝန်များ ထမ်းဆောင်နေရပါသလဲ။

လက်နက်ကိုင်တပ်ဖွဲ့များသည် အသက်အရွယ် ငယ်ရွယ်လွန်းသော ကလေးများကို သင်တန်းသားအဖြစ် နောက်တန်းအခြေစိုက် စခန်းများနှင့် သင်တန်းစခန်းများအတွင်းတွင် ကန့်သတ်ထားလေ့ရှိပါသည်။ ထိုကလေးများသည် စစ်ရေးလှုပ်ရှားဆောင်ရွက်မှုများထဲတွင် မပါဝင်ရသော်လည်း စခန်းသန့်ရှင်းခြင်း၊ လက်တိုလက်တောင်း လုပ်ကိုင်ရခြင်းနှင့် ချက်ပြုတ်ရခြင်းများကို လုပ်ဆောင်ကြရပါသည်။ ထို့အပြင် လမ်းများဖောက်လုပ်ခြင်းကဲ့သို့သော စစ်တပ်စီမံချက်များတွင် လုပ်ကိုင်ရခြင်း သို့မဟုတ် လက်နက်ခဲယမ်းမီးကျောက်နှင့် ရိက္ခာထောက်ပံ့ရေးပစ္စည်းများ သယ်ဆောင်ရခြင်း ကဲ့သို့သော စစ်မြေပြင်တာဝန်များအတွက်ကိုလည်း လုပ်ဆောင်ကြရပါသည်။

အသက် (၁၄) နှစ်ဝန်းကျင်ရှိသော ကလေးများကိုမူ စစ်တပ်ဖွဲ့များ၏ တိုက်ခိုက်ရေးလှုပ်ရှားဆောင်ရွက်ရာမျိုးတွင် အတင်းအကြပ် ပါဝင်စေလျက်ရှိပါသည်။ နအဖစစ်တပ်များတွင်ရှိသော ထိုကလေးစစ်သားများသည် တော်လှန်ရေး သို့မဟုတ် အတိုက်အခံ လက်နက်ကိုင်တပ်ဖွဲ့များအပေါ် ပစ်မှတ်ထားသည့် ထိုးစစ်များဆင်နွှဲရာတွင်လည်းကောင်း၊ ပြည်သူပြည်သားများကို အဓမ္မလုပ်အားစေခိုင်းရန်အတွက် လုပ်အားစုဆောင်းရာတွင်လည်းကောင်း၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများနှင့် မုဒိမ်းကျင့်မှုများအပါအဝင် နည်းမျိုးစုံဖြင့် ရက်စက်ကြမ်းကြုတ်မှုများကို ကျူးလွန်ရာတွင်လည်းကောင်း ပါဝင်နိုင်ပါသည်။ ထို့အပြင် မူးယစ်ဆေးဝါး သယ်ဆောင်မှုနှင့် ဥပဒေမဲ့ကုန်သွယ်မှုများ လုပ်ဆောင်ရာတွင်လည်း နအဖစစ်တပ်အတွင်းရှိ ကလေးစစ်သားများ ပါဝင်စေခိုင်းခံနေရမည်မှာ မလွဲကေန်ပင် ဖြစ်ပါသည်။

နအဖတပ်တွင် ကလေးစစ်သားဖြစ်ခဲ့ဘူးပြီး စစ်တပ်မှထွက်ပြေးလာသူ တဦး၏အဆိုအရ လက်နက်ကိုင်တပ်ဖွဲ့များတွင် ရှိနေကြသော ကလေးများအား ၎င်းတို့၏အထက်အဆင့်အရာရှိ၊ အရာခံများမှ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းမှုများကို ဆိုးဝါးစွာ

ကျူးလွန်ခဲ့သည်ဟု သိရသည်။ များလှစွာသော ကလေးစစ်သားများသည် နအဖစစ်တပ်မှ စွန့်ခွာထွက်ပြေးလိုသော်လည်း ထွက်ပြေးမလွတ်၍ ပြန်လည်ဖမ်းမိပါက ထို့ထက်ဆိုးဝါးစွာ အပြစ်ပေးခံရမည်ကို စိုးရိမ်သောကြောင့်လည်းကောင်း၊ မိသားစုများကို စောင့်ကြည့်ခြင်းနှင့် ၎င်းတို့ကိုယ်စား မိသားစုများအပေါ် အပြစ်ပေးမည်ကို စိုးရိမ်သောကြောင့်၎င်း ထွက်မပြေးနိုင်ဘဲ စစ်တပ်အတွင်း ဆက်လက်အမှုထမ်းနေကြရသည်။

"မနက်စာ ထမင်းကြမ်းစားပြီးတာနဲ့ ရွှေဘိုကားလမ်းဖောက်လုပ်ရေးကိုသွားပြီး လမ်းခင်းဖို့ ကျောက်တွေကို ခွဲခဲ့ရတယ်။ ဒီအလုပ်ဟာ တော်တော့်ကို ကြမ်းတမ်းပါတယ်။ ဆရာတွေက သင်တန်းကျောင်းမှာသာ ကျွန်တော်တို့ကို ရိုက်နှက်တာမကဘဲ ဒီလမ်းဖောက်လုပ်ရေးမှာလဲ ကျွန်တော်တို့ကို လူပျင်းတွေလို့ခေါ်ပြီး ရိုက်တာပါဘဲ။ ကျွန်တော်ထက်ငယ်တဲ့ ကလေးတွေလဲ ဒီလိုမျိုးရိုက်နှက်ခံရတာဘဲ။ ကလေးများဟာ အရွယ်ငယ်လွန်းတော့ ဒီလိုရိုက်ခံရတဲ့အခါ အရမ်းကိုကြောက်သွားကြတယ်။ စိုက်ပျိုးရေးလုပ်ငန်းမျိုးဆိုရင်တော့ ဒီကလေးတွေလုပ်နိုင်ကြပေမဲ့ ကျွန်တော်တို့အတွက်တောင် ကြမ်းတမ်းလွန်းတဲ့ ဒီကျောက်တုံးကြီးတွေ ခွဲရတဲ့အလုပ်မျိုးကို သူတို့ဘယ်လုပ်နိုင်ပါမလဲ။ ဒါကြောင့် သူတို့ရိုက်ခံရတာပေါ့။ ဒါကြောင့် သူတို့တွေ ဝမ်းနည်း၊ ထိတ်လန့်ကုန်ပြီး သူတို့မိဘတွေကို သတိရကြတယ်။ သူတို့ဟာ တော်တော့်ကို ပြင်းပြင်းထန်ထန် ကြောက်လန့်ကုန်ကြပါတယ်။ ဒါမျိုး ၆ ကြိမ်၊ ၇ ကြိမ်လောက် ကျွန်တော်ကြုံခဲ့ဘူးတယ်"
(၂၀၀၂ ခုနှစ်၊ ထိုင်းနိုင်ငံတွင် လူ့အခွင့်အရေးစောင့်ကြပ်ရေးအဖွဲ့ကနေ၍ နအဖစစ်တပ်မှ က လေးစစ်သားတဦးနှင့် တွေ့ဆုံခန်းမှ ကောက်နုတ်ချက်)

## (၄) စစ်ပွဲအတွင်း ပါဝင်နေသော ကလေးစစ်သားများအပေါ် သက်ရောက်မှု။

အလွန်အမင်းဆင်းရဲမွဲတေမှု၊ မိဘများသေဆုံးမှုနှင့် ၎င်းတို့၏လူမှုအဖွဲ့အစည်းမှ ကင်းကွာနေမှု အခြေအနေများကြောင့် စစ်တပ်အတွင်းဝင်ခြင်းမှလွဲ၍ အခြားရွေးချယ်စရာလမ်းမရှိတော့သည့် အနေအထားသို့ ရောက်ရှိနေသော ကလေးများအတွက် စစ်တပ်ထဲတွင် နေထိုင်မှသာ ၎င်းတို့အပေါ် ကြည့်ရှုစောင့်ရှောက်မှု၊ အစားအစာထောက်ပံ့ပေးမှု၊ လူကြီးများ၏အုပ်ထိန်းမှုနှင့် သင်တန်းများနှင့် ပညာရေးအခွင့်အလမ်းများကို ရရှိခံစားနိုင်မည်မှာ မမှားလှပေ။

တိုင်းရင်းသားလူမျိုး တော်လှန်ရေးတပ်ဖွဲ့များတွင် ပါဝင်နေသော ကလေးများမှာလည်း မြင့်မြတ်သော ရည်မှန်းချက်များအတွက် တိုက်ပွဲဝင်နေပြီး ကိုယ့်လူမျိုးအပေါ် ကာကွယ်ပေးနိုင်သည့် စစ်သားဖြစ်နေခြင်းတို့အပေါ် ကိုယ့်ကိုကိုယ် ဂုဏ်ယူဝံ့ကြွားနေကြပါသည်။ ထိုက

လေးမျိုးသည် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု၊ စည်းကမ်းအမိန့်လိုက်နာတတ်မှု၊ ရည်မှန်းချက်ချမှတ်တတ်မှုနှင့် လုပ်ဖော်ကိုင်ဖက်များနှင့် ကောင်းအတူဆိုးအတူ ပေါင်းသင်းတတ်မှုတို့ကို ရရှိနိုင်သည်။ စစ်တပ်အတွင်း ဝင်ရောက်ခြင်းကြောင့် ထိုသို့သော ကောင်းကျိုးများရှိသည်ဟု မည်သို့ပင်ဆိုပါစေ စစ်သားဘဝကို ရောက်ရှိရသည့်အဖြစ်မျိုးကို မည်သည့်ကလေးမှ လိုချင်တမ်းတကြမည် မဟုတ်ပါ။

စစ်တပ်များအတွင်း ကလေးစစ်သားများအဖြစ် ပါဝင်နေကြသော ကလေးများ၏ ဘဝများမှာ ရှေ့တန်းစစ်မြေပြင်များတွင်သာ ကုန်ဆုံးကြလေ့ရှိပါသည်။ စစ်တပ်အတွင်း ဝင်ရောက်လိုက်သည်နှင့် သူတို့သည် စစ်ရေးဆိုင်ရာပစ်မှတ်များ ဖြစ်သွားကြရပါသည်။ ထိုကလေးစစ်သားများ၏ ခံစားသင့်သည့် ကလေးပီသစွာ ဖြတ်သန်းရမည့် အချိန်များမှာလည်း အဓိပ္ပာယ်မဲ့ ဆုံးရှုံးသွားလျက်ရှိပါသည်။ အရွယ်မရောက်သေးသော ကလေးများသည် စစ်တပ်အတွင်း စစ်မှုထမ်းနေစဉ်တွင် အရပ်သားများအပေါ် လက်နက်ကိုင်စစ်သားများက ရက်ရက်စက်စက် စော်ကားနှိပ်စက်ခြင်းများကို ကိုယ်တိုင်ကြုံတွေ့လာခဲ့ရသလို ထိုအမှုများကို ကိုယ်တိုင်ကျူးလွန်တတ်အောင် စေခိုင်းအမိန့်ပေး ခံရလေ့ရှိတတ်သည်။ မိသားစုနှင့် တကွဲတပြားစီနေထိုင်ရခြင်း၊ ပင်ပန်းဆင်းရဲစွာ စစ်မှုထမ်းရခြင်း၊ ပညာသင်ကြားရမှုမရှိခြင်း၊ ရက်စက်ကြမ်းကြုတ်မှုများကို နေ့စဉ်လက်ပွန်းတတီး မြင်တွေ့နေရခြင်း၊ ကိုယ်တိုင်အကြမ်းဖက်တတ်အောင် အမိန့်ပေးစေခိုင်းခံရခြင်းနှင့် စစ်တပ်အတွင်း အခြားသူများက လူသားမဆန်စွာ နှိမ့်ချဆက်ဆံခံရခြင်းတို့၏ ဆိုးကျိုးဆက်များသည် စစ်တပ်တွင် ဆက်လက်အမှုမထမ်းတော့ဘဲ နေရပ်ကို ပြန်ရောက်သည့်အချိန်အထိ ထိုကလေးများအပေါ် အရိပ်မည်းသဖွယ် စိုးမိုးသက်ရောက်နေတတ်ပါသည်။

အခြေခံလူတန်းစား ခေါင်းဆောင်များ၊ ကလေးစစ်သားဟောင်းများနှင့် လူ့အခွင့်အရေး ပညာပေးသူများမှ အရွယ်မရောက်ခင် စစ်မှုထမ်းစေခိုင်းခံရသော ကလေးစစ်သားများ ကြုံတွေ့ရတတ်သည့် ထိခိုက်နစ်နာခံစားရမှုများနှင့် ပတ်သက်၍ အောက်ပါအတိုင်း သုတေသနပြုထားသည်။

- ပညာသင်ကြားမှု လုံးဝမရှိခြင်း၊ ဖွံ့ဖြိုးတိုးတက်နိုင်မည့် အခွင့်အလမ်းများ နည်းပါးခြင်း၊
- အနာဂတ်မျှော်မှန်းချက် ဆုံးရှုံးခြင်း၊
- ကိုယ်ခန္ဓာအစိတ်အပိုင်းဆုံးရှုံးခြင်း ၊ ထိခိုက်ဒဏ်ရာရခြင်း၊ ရောဂါခံစားရခြင်း၊ အဟာရချို့တဲ့ခြင်းများ ခံစားရခြင်း။
- လူသားတဦးမဟုတ်သကဲ့သို့ နှိမ့်ကျမှုခံစားရခြင်းနှင့် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု ကင်းမဲ့လာခြင်း

- အကြမ်းဖက်မှုကို ကျူးလွန်စေသည့် စိတ်တိုမှု၊ ရိုင်းစိုင်းကြမ်းတမ်းမှု၊ အနိုင်ကျင့်လိုမှုများ ခံစားလာရခြင်း၊
- အကျင့်စာရိတ္တများ ယိုယွင်းပျက်ဆီးလာခြင်း၊
- အထိးကျန်မှု၊ လမ်းစပျောက်စိတ်ရှုပ်ထွေးမှု၊ ကိုယ့်ကိုယ်ကိုယ် သတ်သေလိုမှုများ ခံစားရခြင်း၊

" ကလေးတွေက သူတို့မိဘတွေနဲ့တွေ့ချင်လို့ သင်တန်းနည်းပြများဆီမှာ ခွင့်တောင်းခဲ့ကြပါတယ်။ ဒါပေမဲ့ ခွင့်မပြုလို့ သူတို့ငိုခဲ့ကြရတယ်။ ဒီလိုငိုတာ ရပ်တန့်သွားအောင် သင်တန်းဆရာတွေက သူတို့ကိုရိုက်တာကို ကျွန်တော်ကိုယ်တိုင် တွေ့ခဲ့ရပါတယ်။ အဲဒီအတွက် ကလေးတွေဟာ ငိုရုံတင်မကတော့ဘဲ ကိုယ့်ကိုယ်ကိုယ်ပစ်သတ်ပြီး သေကြောင်းကြံတဲ့အထိ ကျူးလွန်ခဲ့တာကိုလည်း ကျွန်တော်တကြိမ် ကြုံခဲ့ဘူးပါတယ်။ ကိုယ့်ကိုကိုယ် ပစ်သတ်သွားတဲ့ သူ့ရဲ့အလောင်းကို ကျွန်တော်ကိုယ်တိုင် မြေမြှုပ်ပေးခဲ့ရပါတယ်။ "
( ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့နှင့် မြန်မာနိုင်ငံမှ ကလေးစစ်သားဟောင်းတဦး တွေ့ဆုံမေးမြန်းခန်းမှ ကောက်နုတ်ချက် )

## (၅) မြန်မာနိုင်ငံသည် အဘယ်ကြောင့် ကလေးများအား ကလေးစစ်သားအဖြစ် အသုံးပြုခြင်းကို ရပ်တန့်သင့်ပါသလဲ။

အပင်တွေကို
ရေလောင်းပေးလို့
ပေါင်းကိုလည်းသင် အစာကျွေးရင်
ပန်းလေးတွေဟာ ပွင့်လန်းလာမှာ
အသေအချာပါ။

အပင်တွေကို
ပြုစုပေးလို့
သူတို့ပေးတဲ့ အသီးတွေဟာ
တို့များအတွက် ဂုဏ်ယူရမှာ
အသေအချာပါ။

မြန်မာကလေးကဗျာ

## ● ကလေးများ၏ အကောင်းဆုံးအကျိုးကို ဦးစားပေးရမည်ဟူသော မူဝါဒ

မြန်မာနိုင်ငံသည် ကုလသမဂ္ဂကပြဋ္ဌာန်းထားသော ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ကို ခြွင်းချက်မရှိ အတည်ပြုလက်မှတ် ရေးထိုးထားသော နိုင်ငံတခုဖြစ်ပါသည်။ ထိုစာချုပ်၏ အဓိကမူဝါဒမှာ ကလေးများ၏ အကောင်းဆုံးအကျိုးကို ဦးစားပေးရမည်ဟူသော မူဝါဒပင်ဖြစ်သည်။

ထို့အတွက်ကြောင့်ကလေးများ၏ အကောင်းဆုံးအကျိုးကို ထိခိုက်စေနိုင်သည့် ကလေးစစ်သားများအဖြစ် အသုံးပြုမှုကို အစိုးရများကိုယ်တိုင် ရှောင်ရှားရန်လိုသလို ထိုသို့ အသုံးပြုခြင်းများ ပပျောက်အောင် သက်ဆိုင်ရာအဖွဲ့များအားလုံးက ဝိုင်းဝန်းလုပ်ဆောင် ကြိုးပမ်းသင့်သည်။ ထိုသဘောတူစာချုပ်၏ အပိုဒ် – ၃၈ တွင် လက်နက်ကိုင်ပဋိပက္ခ၏ အကျိုးဆက်ကြောင့် ဖြစ်ပွားရသည့်အန္တရာယ်များမှ ကလေးများကို ကာကွယ်ပေးရန်အတွက် နိုင်ငံများအပေါ် တာဝန်အပြည့်အဝ ပေးအပ်ထားသည်။ နိုင်ငံတော်အစိုးရက သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ စစ်တပ်များတွင် ကလေးများကို စစ်သားအဖြစ်စေခိုင်းခြင်းသည် လက်နက်ကိုင်ပဋိပက္ခမှ အကာအကွယ်ပေးရန် တာဝန်ရှိမှုကို ပျက်ကွက်ရုံမက ကလေးများကို အန္တရာယ်ရှိစေသည့် အနေအထားသို့ ရောက်ရှိစေခြင်းဖြစ်သည့်အတွက် ကလေးများ၏ အခွင့် အရေးအားလုံးကို ချိုးဖောက်ရာရောက်သည်။

ကလေးများ၏ အခွင့်အရေးများနှင့် လူ့အခွင့်အရေးများကို တိုးမြှင့်အောင်လုပ်ဆောင်ပေးရန်နှင့် ကာကွယ်ပေးရန်တာဝန်မှာ နိုင်ငံအစိုးရတရပ်တည်းတွင် သာမကဘဲ လူမှုအဖွဲ့အစည်းတခုလုံးတွင်လည်း တာဝန်ရှိသည်။ ထို့အတွက်ကြောင့် လူမှုအဖွဲ့အစည်း အကျိုးအတွက် တိုက်ပွဲဝင်နေကြသော လက်နက်ကိုင်အဖွဲ့များသည်လည်း ဤအကျင့်သိက္ခာပိုင်းဆိုင်ရာ တာဝန်ရှိမှုများကို လေးစားလိုက်နာကျင့်သုံးရန် တာဝန်ရှိပေသည်။

## ● အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံခြင်း

မြန်မာနိုင်ငံ၏ လက်ရှိလူဦးရေအနက် ကလေးဦးရေမှာ ရာခိုင်နှုန်း အတော်များပြားနေပါသည်။ ထိုကလေးများသည် နိုင်ငံ၏အနာဂတ်ကို ပိုင်စိုးမည့် ကလေးများဖြစ်ကြပါသည်။ ထို့အတွက် မျက်မှောက်ကာလ ရင်သွေးများမျိုးဆက်အနေဖြင့် အနာဂတ်နိုင်ငံတော်ကို ကောင်းမွန်စွာ ဦးဆောင်သွားနိုင်ရန်အတွက် ရင်သန့်မှုအဓိပ္ပာယ်ပြည့်ဝပြီး ငြိမ်းချမ်းသော ဘဝများတွင် နေထိုင်ခွင့်ရှိသည့် ဘဝဖြတ်သန်းမှုများကို ရရှိခံစားနိုင်ရန် အလွန်ပင် အရေးကြီးပါသည်။

## ● အကြမ်းဖက်မှုနှင့် ဆင်းရဲကြပ်တည်းမှု သံသရာကို ချိုးဖျက်ခြင်း

မဖြစ်မနေအခြေအနေကြောင့်ပင်ဖြစ်စေ၊ ဆန္ဒအလျောက်ဖြစ်စေ အကြမ်းဖက်မှုတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ရသော ကလေးများ၊ အကြမ်းဖက်မှုကို မျက်မြင်ကိုယ်တွေ့ ရင်ဆိုင်ခဲ့ရသော ကလေးများနှင့် အကြမ်းဖက်မှု၏ သားကောင်များ ဖြစ်ခဲ့ရသောကလေးများ၏ အနာဂတ်မှာ ဆိုးကျိုးများဖြင့် ဖုံးလွှမ်းနေမည်မှာ အသေအချာဖြစ်ပါသည်။ အကယ်၍ ၎င်းတို့ ဆက်လက် အသက်ရှင်နေခဲ့ပါလျှင်တောင်မှ ထိုကလေးအများစုမှာ အကြမ်းဖက်မှုအပေါ် လက်ပွန်းတတီး ရင်းနှီးနေမှုများ၊ အကြမ်းဖက်မှုပဋိပက္ခကို ခံမင်မက်မောသော စိတ်ခံစားအတွေးအယူအဆများနှင့် အကျင့်စရိုက်ဆိုးများကို အနာဂတ်သို့ ဆက်လက်သယ်ဆောင်လာကြလိမ့်မည် ဖြစ်သည်။ ဘယ်လိုနည်းနှင့်မှ တိုင်းပြည်နှင့် လူသားအားလုံးအတွက် ငြိမ်းချမ်းရေးအကျိုးကို သယ်ပိုးလိုသည့် လူသားများဖြစ်လာနိုင်မည် မဟုတ်ပါ။ စစ်ပွဲများအတွင်း ကလေးများကို အသုံးပြုလျက်ရှိကြသော နိုင်ငံအများစုသည် ဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်းနိမ့်ကျသောနိုင်ငံများ ဖြစ်နေလျက်ရှိပြီး ယနေ့အချိန်ထိ အကြမ်းဖက်မှုများဖြင့် သံသရာလည်နေသော နိုင်ငံများဖြစ်နေသည်ကို ကြည့်ခြင်းဖြင့် ကလေးများကို အကြမ်းဖက်ခြင်းသည် အကြမ်းဖက်မှုနှင့် ဆင်းရဲမွဲတေမှုတို့ဖြင့် ဆက်စပ်နေသည်ကို အထင်အရှားတွေ့မြင်နိုင်သည်။ ထို့အတွက်ကြောင့် အကြမ်းဖက်မှုနှင့် ဆင်းရဲကြပ်တည်းမှု သံသရာကို အနာဂတ်တွင် တဖန်ပြန်မလည်လာနိုင်စေရန်အတွက် ကလေးများအပေါ် အကြမ်းဖက်မှုကို ယနေ့အချိန်တွင် ရပ်တန့်ရန် လိုအပ်သည်။



## ၄ ကလေးစစ်သားအရေးကို ဖြေရှင်းနိုင်ရန် ကြိုးပမ်းခြင်း

မြန်မာနိုင်ငံရှိ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများအတွင်း ကလေးသူငယ်များ ပါဝင်နေမှုအား အမြန်ဆုံးရပ်တန့်အောင်လုပ်ဆောင်ဖို့ အထူးအရေးတကြီး လိုအပ်လျက်ရှိသည်။ သို့သော် ထိုပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ဝိုင်းဝန်းအဖြေရှာရာတွင် လက်နက်ကိုင်ပဋိပက္ခများထဲ ကလေးများပါဝင်စေအောင် တွန်းပို့ခဲ့သည့် အခြားနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာများကို မဖြေရှင်းဘဲနှင့် ဘယ်လိုမှ မှန်ကန်သောအဖြေကို ရှာဖွေနိုင်မည် မဟုတ်ပါ။




မြန်မာနိုင်ငံရှိ ကလေးစစ်သားများအရေးကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ထိုအရေးကိစ္စနှင့် ပါဝင်ပတ်သက်နေသည့် ကဏ္ဍအသီးသီး၊ အဖွဲ့အစည်းတို့ကနေ၍ ထိုကလေးစစ်သားပြဿနာကို ဖြစ်ပေါ်စေသည့် ရေသောက်မြစ် အကြောင်းအရာများဖြစ်သည့် ဒီမိုကရေစီနှင့် ငြိမ်းချမ်းမှု၊ လူမျိုးစုများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့်တရားမျှတမှု စသည့်အကြောင်းအရာများကို ဖော်ထုတ်အဖြေရှာရန် လိုအပ်သည်။ ထို့အပြင် ကလေးစစ်သားပြဿနာ ဖြစ်နေကြောင်းအား ပွင့်ပွင့်လင်းလင်းအသိအမှတ်ပြု၍ အမှန်တကယ် စိတ်ရင်းစေတနာ ကောင်းကောင်းဖြင့် ဖြေရှင်းလိုသော အာသီသများရှိရန်လည်း လိုအပ်သည်။ ဤသည်တို့အပြင် ကလေးများကို စစ်တပ်အတွင်း အတင်းအကြပ် ဝင်ရောက်

စေရန် တွန်းအားပေးနေသည့် အခြားအချက်များဖြစ်သော ကလေးအသက်အမှန်ကို စစ်ဆေးရန်ခက်ခဲစေသည့် မွေးစာရင်းမှတ်ပုံတင်စနစ် ကောင်းမွန်မှုမရှိမှု၊ မိသားစုဆင်းရဲကြပ်တည်းမှု၊ အရည်အသွေး ပြည့်ဝကောင်းမွန်သော ပညာရေးအခွင့်အလမ်းနှင့် လူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းများ ကင်းမဲ့နေမှု စသည်တို့ကိုလည်း ဖြေရှင်းနိုင်ရန် လိုအပ်သည်။

ကလေးစစ်သားများ အသုံးပြုမှုရပ်တန့်ရန်အတွက် အခြားအကြောင်းအရာများကို ပြုပြင်ပြောင်းလဲရန် လိုအပ်သည်မှာမှန်သော်လည်း အချိန်ကြာကြာဆွဲထား၍ မရနိုင်ပါ။ အနာဂတ် ရင်သွေးကလေးငယ်များသည် အချိန်ကိုစောင့်နိုင်မည် မဟုတ်ပါ။ ထို့အတွက်ကြောင့် ယခုချက်ချင်းလက်ငင်း လုပ်ဆောင်နိုင်မည့် အလုပ်များကိုလည်း အလျင်အမြန်လုပ်ဆောင်ရန် လိုအပ်လျက်ရှိပါသည်။ ကလေးများကို စစ်သားအဖြစ် အသုံးချနေသော လက်နက်ကိုင်စစ်တပ်များ၊ အဖွဲ့အစည်းများအနေဖြင့် ကလေးစစ်သားများခေါ်ယူခြင်း၊ စေခိုင်းခြင်းအား ယခုချက်ချင်း ရပ်တန့်ရန် လိုအပ်နေပြီဖြစ်သည်။ ကလေးငယ်များအတွက် အေးချမ်းသာယာသော အနာဂတ်ကမ္ဘာကို တည်ဆောက်ပေးနိုင်ရန်အတွက် ကလေးများအား ကိုင်ဆောင်ထားသော စစ်လက်နက်များကို ပြန်လည်ဖြုတ်သိမ်းပစ်၍ စစ်မှုထမ်းခြင်းမှ နုတ်ထွက်စေရန် လိုအပ်လျက်ရှိပါသည်။ ကလေးငယ်များ၏ ဘဝပြန်လည်ပြုစုပျိုးထောင်ရေး၊ လူမှုဘဝများအတွင်း ပြန်လည်အသားကျ ရှင်သန်ရေးတို့ကို ရှေ့ရှုဦးတည်လုပ်ဆောင်ပေးရပါမည်။ ထို့အတွက် မြန်မာနိုင်ငံစစ်အစိုးရဖြစ်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (SPDC)၊ နိုင်ငံရေးအတိုက်အခံအုပ်စုများ၊ မြန်မာ့တပ်မတော်၊ အခြားလက်နက်ကိုင် အတိုက်အခံအင်အားစုများ၊ တိုင်းရင်းသားလူမျိုးအုပ်စုများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာအသိုင်းအဝိုင်း အားလုံးတို့အနေဖြင့် မြန်မာနိုင်ငံရှိ ကလေးစစ်သားများ ပြဿနာကို ဖြေရှင်းနိုင်ရန်နှင့် ကလေးများအား ငြိမ်းချမ်းသောဘဝကို ရရှိခံစားနိုင်သောသူများ ဖြစ်စေရန်အတွက် လိုအပ်သည့် လုပ်ဆောင်ချက်များကို အမြန်ဆုံးဖော်ဆောင်ကြိုးပမ်း လုပ်ဆောင်ပေးရန်အတွက် ပန်ကြားလိုပါသည်။

## ကလေးစစ်သားအသုံးပြုခြင်းကို ရပ်တန့်အောင် ကြိုးပမ်းလုပ်ဆောင်ရာတွင် အရေးပါသည့် လုပ်ငန်းစဉ်အယူအဆများ

**လက်နက်ဖျက်သိမ်းခြင်း (Disarmament)** – ပဋိပက္ခဒေသများအတွင်းရှိ လက်နက်များကို စုဆောင်းသိမ်းဆည်း၍ ထိုလက်နက်များကို လုံခြုံစိတ်ချရသောနေရာတွင် သိမ်းဆည်းခြင်း သို့မဟုတ် ထိုလက်နက်များကို ဖျက်ဆီးစွန့်ပစ်ခြင်းကို ရည်ညွှန်းပါသည်။

**စစ်မှုထမ်းအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း (Demobilization) -** တာဝန်ထမ်းဆောင်နေသည့် စစ်သည်တာဝန်မှ တရားဝင်ရုပ်သိမ်းလိုက်ပြီး တာဝန်မှရုပ်စဲလိုက်ကြောင်းကို မှတ်ပုံတင်ပေးခြင်း၊ ထိုသို့တာဝန်မှ ရုပ်စဲလိုက်သောသူများ၏ အရေးပေါ်လိုအပ်သည့် အရာများကို ထောက်ပံ့ကူညီပေး၍ ထိုသူများ နေရပ်ရင်းသို့ ပြန်နိုင်အောင် ပို့ဆောင်ပေးခြင်းကို ရည်ညွှန်းပါသည်။

**ပြန်လည်ထူထောင်ပြုစုပေးခြင်း (Rehabilitation) -** စစ်မြေပြင်များတွင် ကလေး များကြုံတွေ့ခံစားခဲ့ရသည့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာများနှင့် စိတ်ပိုင်းဆိုင်ရာနာကျင်ခံစားရမှုများ ပျောက်ကင်းစေရန် ကုစားပေးသည့် လုပ်ငန်းစဉ်တခုလုံးကို ရည်ညွှန်းပါသည်။ ပြန်လည်ထူထောင်ပြုစုပေးခြင်း လုပ်ငန်းစဉ်သည် ကလေးများကို ၎င်းတို့၏ မိသားစုများ၊ အုပ်ထိမ်းသူများ နှင့် ပြန်လည်ပေါင်းစည်းပေးရန်အတွက်နှင့် လူမှုအဖွဲ့အစည်းများသို့ ပြန်လည်ဝင်ရောက်ရန်အတွက် ပြင်ဆင်ပေးရန် ရည်ရွယ်ပါသည်။

**လူမှုရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းအသားကျစေခြင်း (Social Reintegration) -** ဤလုပ်ငန်းစဉ်သည် လက်နက်ကိုင်ခဲ့သော စစ်မှုထမ်းဘဝမှ ကူးပြောင်းလာသော ကလေးများအား အရပ်သားဘဝနှင့် ပြန်လည်ပေါင်းစည်း အသားကျနေထိုင်နိုင်ရန် ကူညီပေးခြင်း၊ မိသားစုဘဝနှင့် လူမှုအသိုင်းအဝိုင်း ပတ်ဝန်းကျင်သို့ ပြန်လည်ရောက်ရှိချိန်တွင် လူမှုရေးနှင့် စီးပွားရေးအရ အသားကျကျနေထိုင်နိုင်အောင် ညှိနှိုင်းဆောင်ရွက်ပေးခြင်း လုပ်ငန်းစဉ်များကို ရည်ညွှန်းပါသည်။

**ငြိမ်းချမ်းသောဘဝကို ရရှိခံစားနိုင်သော ကလေးများဖြစ်စေရန် (Children as Zones of Peace) -** လက်နက်ကိုင်ပဋိပက္ခကြောင့် ဖြစ်ပွားခဲ့သောအန္တရာယ်များ ကလေးများအပေါ် မကျရောက်စေဖို့ ကလေးများကိုကာကွယ်ပေးရန်နှင့် လက်တွေ့ကျသော ပေါ်လစီများကို ရှာဖွေစဉ်းစား ချမှတ်နိုင်ရန်အတွက် အစိုးရများ၊ လက်နက်ကိုင် အဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများအားလုံး၌ တာဝန်ရှိကြောင်း မီးမောင်းထိုးတင်ပြသော သဘောတရားဖြစ်သည်။ ထိုသဘောတရားအရ အစိုးရများ၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများအားလုံးသည်

- ❖ ကလေးများသည် စစ်ရေးဆိုင်ရာ ပစ်မှတ်များမဟုတ်ကြောင်း၊
- ❖ မည်သည့်အစိုးရ၏ စစ်တပ်ကဖြစ်စေ၊ အတိုက်အခံ လက်နက်ကိုင် အဖွဲ့အစည်းများကဖြစ်စေ၊ ထိုလက်နက်ကိုင် အဖွဲ့အစည်းများလက်အောက်ရှိ အရပ်သားအဖွဲ့အစည်းများကဖြစ်စေ ကလေးများအား တရားဝင် လုပ်ထုံးလုပ်နည်းအရလည်းကောင်း၊ တရားမဝင်အရလည်းကောင်း မိမိ၏တပ်တွင် တာဝန်ထမ်းဆောင်ရန် စေခိုင်းခြင်းမပြုရကြောင်း၊
- ❖ လက်နက်ကိုင် ပဋိပက္ခကာလပင်ဖြစ်စေကာမူ ကလေးများအတွက် အခြေခံကျသည့်

ကျန်းမာရေး၊ ပညာရေး၊ စိတ်ပိုင်းဆိုင်ရာ ပျိုးထောင်ရေးအစီအစဉ်များ၊ ကူညီထောက်ပံ့ရေး လုပ်ငန်းများကို လုပ်ဆောင်ပေးရန် အာမခံရမည်ဖြစ်ကြောင်း၊

❖ ကလေးများကို ၎င်းတို့၏မိသားစုများဖြင့် တကွဲတပြားဖြစ်ခြင်း မရှိစေရန်နှင့် အကယ်၍ ၎င်းတို့ကွဲကွာနေပါက ပြန်လည်ပေါင်းစည်းရန်တို့အတွက် အတတ်နိုင်ဆုံးကြိုးပမ်း လုပ်ဆောင် သွားရမည်ဖြစ်ကြောင်း၊

❖ ကလေးများ၊ ၎င်းတို့၏မိသားစုများနှင့် လူမှုအဖွဲ့အစည်းများ၏ အခြေအနေများကို စောင့်ကြပ်လေ့လာနေသော အစိုးရ သို့မဟုတ် အစိုးရမဟုတ်သောအဖွဲ့များမှ လူ့အခွင့်အရေး လှုပ်ရှားဆောင်ရွက်သူများအပါအဝင် အခြားထောက်ပံ့ရေးလုပ်ငန်းများ ပံ့ပိုးပေးနေသူများ၏ လုံခြုံမှုကို အာမခံပေးရမည်ဖြစ်သလို ထိုသူများအပေါ် နှောက်ယှက်မှုများ မကျရောက်အောင် အာမခံပေးရမည်ဖြစ်ကြောင်း၊

❖ ကလေးများနှင့် ကလေးများ၏မိသားစုများအတွက် နေထိုင်သည့် သို့မဟုတ် သူတို့မှီခိုအားထားနေရသည့် ကျောင်းများ၊ ဆေးရုံများ၊ ဈေးများနှင့် စောင့်ရှောက်ခိုလှုံရာ ဌာနများကို လေးစားရန်နှင့် ထိုအဆောက်အဦများကို ပစ်မှတ်ထား တိုက်ခိုက်မှု၊ စစ်ဘက်ဆိုင်ရာ ရည်မှန်းချက်ဖြင့် အသုံးချမှုများ မရှိစေရကြောင်း အသိအမှတ်ပြုရမည်ဖြစ်သည်။

**ငြိမ်းချမ်းမှု နယ်မြေ (Peace Zone) -** ငြိမ်းချမ်းမှု နယ်မြေထူထောင်ခြင်းသည် ငြိမ်းချမ်းမှု တည်ဆောက်ရန်အတွက် မဟာဗျူဟာတရပ်ပင်ဖြစ်ပါသည်။



ငြိမ်းချမ်းမှု နယ်မြေဆိုသည်မှာ ထိုနယ်မြေတွင်နေထိုင်သော ပြည်သူများကိုယ်တိုင်က ထိုဒေသသည် လက်နက်ကိုင် အနိဋ္ဌာရုံအမျိုးမျိုးမှ ကင်းဝေးသောဒေသ၊ ငြိမ်းချမ်းရေး ယဉ်ကျေးမှု ထွန်းကားသောဒေသ၊ သဘာဝပတ်ဝန်းကျင် အရင်းအမြစ်များကို စနစ်တကျ ထိမ်းသိမ်းကာကွယ်သောဒေသ၊ လူထုဘဝ တိုးတက်မြင့်မားရေးကို ရှေးရှုသော ဒေသ ဖြစ်သည်ဟူ၍ ကြေညာထားသော ကျေးရွာဖြစ်စေ၊ မြို့ဖြစ်စေ၊ ဒေသတခုလုံးဖြစ်စေကို ဆိုလိုပါသည်။ ထိုသို့သောကျေးရွာမျိုးကို ဖိလိပိုင်နိုင်ငံရှိ စဂါဒါကျေးရွာများတွင် တွေ့နိုင်သလို ငြိမ်းချမ်းရေးဒေသအဖြစ် ဥပမာကို လက်တင်အမေရိကရှိ အန်ဒီစ်ဒေသများတွင် တွေ့မြင်နိုင်ပါသည်။ ထိုဒေသရှိ ဒေသခံပြည်သူများသည် လက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ဒေသခံပြည်သူများကိုယ်တိုင်က ကြေညာထားသော ငြိမ်းချမ်းမှုဇုံများကို လေးစားရန်အတွက် တင်ပြဆွေးနွေးမှုများအား ကိုယ်တိုင်လုပ်ဆောင် သွားလေ့ရှိပါသည်။ ထိုသို့ဆွေးနွေးရာမှ ငြိမ်းချမ်းရေးနယ်မြေနှင့် သက်ဆိုင်သည့် လုပ်ငန်းစဉ် ပေါ်လစီများကို အပြန်အလှန် သတ်မှတ်ပြဋ္ဌာန်း၍ လေးစားလိုက်နာ သွားကြလေ့ရှိသည်။

## (က) ကလေးများအား စစ်မှုထမ်းစေခြင်းနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များ

ကလေးများအား စစ်မှုထမ်းစေသည့် အကြောင်းအရာနှင့်ပတ်သက်၍ တင်ပြအရေးဆိုရာတွင် အထောက်အကူအဖြစ် အသုံးပြုနိုင်မည့် နိုင်ငံတကာဥပဒေများကို အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းတွင် ပြဋ္ဌာန်းထားပါသည်။ ကလေးများအား စစ်မှုထမ်းစေခြင်းနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များကို ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၏ သဘောတူစာချုပ် အမှတ် (၁၈၂)၊ နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာတရားရုံး၏ လုပ်ထုံးလုပ်နည်းများနှင့် ဂျီနီဗာ သဘောတူစာချုပ်တို့တွင် တွေ့နိုင်သည်။

၁။ နိုင်ငံတကာက အသိအမှတ်ပြုထားသော နိုင်ငံတကာ ကလေးအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်တွင် စစ်ဖြစ်ပွားနေသော အချိန်များအတွင်း ကလေးများကို အကာအကွယ်ပေးရန် အစိုးရများကို တာဝန်ပေးထားပြီး ဆန္ဒအလျောက် စစ်တပ်အတွင်း ဝင်ရောက်အမှုထမ်းနိုင်သည့် တရားဝင်အနိမ့်ဆုံးအသက်ကို (၁၅) နှစ်ဟု သတ်မှတ် ပြဋ္ဌာန်းထားပါသည်။ ဤတရားဝင်အနိမ့်ဆုံး အသက်သတ်မှတ်ချက်ကို ၂၀၀၀ ခုနှစ်၊ မေလတွင် ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုပြဋ္ဌာန်းလိုက်သော က

လေးအခွင့်အရေး သဘောတူစာချုပ်၏ လက်နက်ကိုင်စစ်ပွဲများတွင် ကလေးများပါဝင်မှုနှင့် သက်ဆိုင်သည့် နောက်ဆက်တွဲစာချုပ်၌ အသက် (၁၈) နှစ်ဟု တိုးမြှင့်ပြဋ္ဌာန်းခဲ့ပါသည်။

ကလေးအခွင့်အရေး သဘောတူစာချုပ်၏ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးများပါဝင်နေမှုနှင့် သက်ဆိုင်သည့် နောက်ဆက်တွဲ သဘောတူစာချုပ်တွင်...



■ စာချုပ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့၏ လက်နက်ကိုင်တပ်ဖွဲ့များတွင် အသက် (၁၈) နှစ် မပြည့်သေးသောသူများအား စစ်ပွဲအတွင်း တိုက်ရိုက်အန္တရာယ်ကျရောက်စေနိုင်သည့် အစိတ်အပိုင်းများတွင် ပါဝင်ခြင်းမပြုရန်၊

■ အသက် (၁၈) နှစ်အောက်ရှိသူများကို စစ်တပ်အတွင်း ဝင်ရောက်စေခိုင်းခြင်းနှင့် လူသစ်စုဆောင်းခြင်းတို့ကို တားမြစ်ရန်၊

■ ဆန္ဒအလျောက် စစ်ထဲဝင်နိုင်သည့် တရားဝင်အနိမ့်ဆုံးအသက်ကို အနည်းဆုံး (၁၆) နှစ်ဟု တိုးမြှင့်ပေးရန်နှင့် ဖြစ်နိုင်ပါက (၁၈) နှစ်ဟု သတ်မှတ်ပေးရန်၊

■ စစ်တပ်အတွင်း ဝင်ရောက်နိုင်သည့် အသက်သတ်မှတ်ချက်ကို အစိုးရ၏ ဆန္ဒသက်သက်ဖြင့် လျော့ချခြင်းမပြုရန်၊

■ ဆန္ဒအလျောက် စစ်တပ်အတွင်းဝင်ရောက်ပါက အသက်ပြည့်၊ မပြည့်ကို စစ်ဆေးနိုင်ရန်အတွက် အသက်ပြည့်ကြောင်း ထောက်ခံချက်နှင့် မိဘထောက်ခံချက်တို့ကို သက်သေတောင်းရန်၊

■ အစိုးရမှမဟုတ်သော အဖွဲ့များမှလည်း အသက် (၁၈) နှစ်အောက် ကလေးများကို စစ်သားသစ်စုဆောင်းခြင်းနှင့် အသုံးပြုခြင်းများအားလုံးကို ရပ်တန့်ရန် စသည်ဖြင့် တောင်းဆိုထားသည်။

ဤနောက်ဆက်တွဲစာချုပ်သည် ၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အသက်ဝင်လာခဲ့ပါသည်။ ဤနောက်ဆက်တွဲစာချုပ်ကို အရှေ့အာရှနှင့် ပစိဖိတ်ဒေသမှ ကမ္ဘောဒီးယား၊ တရုတ်၊ အင်ဒိုနီးရှားနှင့် တီမောနိုင်ငံများမှ ပဏာမလက်မှတ်ရေးထိုးထားပြီး၊ ဗီယက်နမ်နှင့်ဖိလစ်ပိုင် နှစ်နိုင်ငံမှ အတည်ပြုလက်မှတ် ရေးထိုးထားပါသည်။

၂။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် **(ILO)** ၏ စာချုပ်တခုဖြစ်သော အဆိုးဝါးဆုံး ကလေးလုပ်အား စေခိုင်းမှုပုံစံများ ပပျောက်ရေးအတွက် ချက်ချင်းအရေးယူ ဆောင်ရွက်ခြင်းနှင့် တားမြစ်ခြင်းဆိုင်ရာ သဘောတူစာချုပ် အမှတ် (၁၈၂) တွင်

■ လက်နက်ကိုင်ပဋိပက္ခများတွင် အသုံးပြုရန်အတွက်ကလေးများကို အတင်းအကြပ် စစ်မှုထမ်းစေခိုင်းခြင်းသည် အဆိုးဝါးဆုံး ကလေးလုပ်အားစေခိုင်းမှု ပုံစံတခုဖြစ်သည်ဟု သတ်မှတ်ထားပြီး ထိုသို့စစ်မှုထမ်းစေခြင်းကို အမြန်ဆုံးအဆုံးသတ်ရန် ဖော်ပြထားသည်။

၃။ နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာတရားရုံး၏ လုပ်ထုံးလုပ်နည်းများတွင်လည်း

■ အသက် ၁၅ နှစ်အောက်ကလေးများကို စစ်မှုထမ်းရန်အတွက် စေခိုင်းခြင်း သို့မဟုတ် စစ်မှုမထမ်းမနေရ ဥပဒေသတ်မှတ်ပြဋ္ဌာန်းခြင်း သို့မဟုတ် နိုင်ငံတကာဆိုင်ရာနှင့် နိုင်ငံတကာ ဆိုင်ရာမဟုတ်သော လက်နက်ကိုင်ပဋိပက္ခများအကြား အန္တရာယ်ရှိသော အနေအထားမျိုးတွင် တိုက်ရိုက်ပါဝင်ပတ်သက်စေရန် အသုံးပြုခြင်းများသည် စစ်ပွဲဆိုင်ရာ ရာဇဝတ်မှုတရပ် ဖြစ်သည်ဟု ဖော်ပြထားသည်။

၄။ ဂျီနီဗာသဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်အမှတ် (၂) တွင်

■ နိုင်ငံတကာအကြား ဖြစ်ပွားခြင်းမဟုတ်သည့် ပဋိပက္ခများနှင့်အကြုံးဝင်သည့် ဂျီနီဗာသဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်အမှတ် (၂) တွင် စစ်တိုက်ရာတွင် ပါဝင်နေသော မည်သည့်အဖွဲ့၏ စစ်တပ်များတွင်မှ ကလေးများကို စစ်မှုထမ်းစေခြင်း မပြုလုပ်သင့်ဟု ပြဋ္ဌာန်းထားပါသည်။

## အကြံပြုချက်များ

### (ခ) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (SPDC) သို့ အကြံပြုချက်

၁။ ပြဿနာရပ်တခုကို ဖြေရှင်းရန်အတွက် ပထမဆုံးအဆင့်မှာ ထိုပြဿနာ အမှန်တကယ်ဖြစ်ပွားနေကြောင်းကို အသိအမှတ်ပြုရန်ဖြစ်ပါသည်။ ထို့အတွက်ကြောင့် နအဖနှင့် မြန်မာ့

တပ်မတော်သည် တိုင်းပြည်အတွင်းရှိ ကလေးစစ်သားများအခြေအနေကို အမှန်အတိုင်း ဖော်ထုတ်ရန် အချိန်ကျရောက်နေပြီဖြစ်သည်။ နအဖသည် အသက် (၁၈) နှစ်အောက်ရှိသောသူ မည်သူတဦးတယောက်ကိုမျှ စစ်သားအဖြစ် စုဆောင်းခြင်းမပြုဟု ပေါ်လစီချမှတ်ထားပါသည်။ သို့သော် ထိုပေါ်လစီချမှတ်လိုက်ခြင်းကြောင့် ကလေးစစ်သားများမရှိဟု ဆိုနိုင်မည် မဟုတ်ပါ။ နအဖအနေဖြင့် ထိုချမှတ်ထားသော ပေါ်လစီမူဝါဒများ အမှန်တကယ်သက်ရောက်မှုရှိစေရန် အာမခံ ရမည့်အပြင် ထိုမူဝါဒအား စော်ကားဖောက်ဖျက်သူ၊ ချိုးဖောက်ကျူးလွန်သော သူများကို ဥပဒေအရ အပြစ်ပေးအရေးယူရန်၊

၂။ ထို့ပြင် ကလေးအခွင့်အရေး သဘောတူစာချုပ်၏ လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးများ ပါဝင်ပတ်သက်နေမှုနှင့် သက်ဆိုင်သော နောက်ဆက်တွဲစာချုပ်ကို နအဖအနေဖြင့် ပဏာမလက်မှတ်ရေးထိုးခြင်း၊ အတည်ပြုခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ရန်။

၃။ ငြိမ်းချမ်းသောဘဝကို ရရှိခံစားနိုင်သော ကလေးများဖြစ်စေရန် (Children as Zones of Peace) ကို ကြေညာလုပ်ဆောင်ရန်၊ အသက် (၁၈) နှစ်အောက်ရှိသူများကို စစ်မှုထမ်းစေခြင်းမရှိအောင် ချမှတ်ထားသည့် အသက် (၁၈) အောက်ကလေးများအား စစ်မှုမထမ်းစေရဟူသောမူဝါဒကို တင်းကြပ်စွာလိုက်နာစေခြင်းနှင့် အမှန်တကယ် လိုက်နာမှုရှိမရှိ စောင့်ကြပ်ခြင်းတို့ကို လုပ်ကိုင်ရန်၊ လက်ရှိစစ်တပ်အတွင်းတွင် စစ်မှုထမ်းနေသော ကလေးစစ်သားများကို စစ်မှုထမ်းရာမှ နုတ်ထွက်ခွင့်ပြုခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ပေးခြင်း၊ လူမှုအဖွဲ့အစည်းအတွင်း ပြန်လည်ပေါင်းစည်းခြင်းအတွက် လုပ်ငန်းစဉ်များကို ဖြည့်ဆည်းပံ့ပိုးပေးရန်၊

၄။ ကလေးစစ်သားများအား စစ်မှုထမ်းအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ပေးခြင်း၊ လူမှုအဖွဲ့အစည်းတွင်း ပြန်လည်ပေါင်းစည်းခြင်း လုပ်ငန်းများဆောင်ရွက်ခြင်းကို ဆထက်ထမ်းပိုးဆောင်ရွက်လိုသော နိုင်ငံတကာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများကို နအဖအနေဖြင့် ကြိုဆိုလက်ခံရန်၊

၅။ မွေးဖွားမှု မှတ်ပုံတင်ခြင်းကို စနစ်တကျ တိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်ရန်၊ ကလေးငယ်များအတွက် ပညာရေး၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများအပါအဝင် အခြေခံလူမှုရေး ထောက်ပံ့ပေးမှုများ တိုးတက်လာအောင် ရင်းနှီးမြှုပ်နှံပေးရန်၊ ထိုကဲ့သို့ မွေးစာရင်းများကို စနစ်တကျမှတ်ပုံတင်မှု ပိုမိုကောင်းမွန်လာခြင်း၊ ပညာရေးစနစ်ပိုမိုမြင့်မားလာခြင်းနှင့် အခြားသောအခြေခံလူမှုရေး ထောက်ပံ့မှုများ ပိုမိုကောင်းမွန်လာခြင်းတို့ ရှိလာပါက ကလေးငယ်များအား စစ်တပ်အတွင်း ဝင်ရောက်စေခိုင်းခြင်းကို တားဆီးရန် အထောက်အကူဖြစ်လာနိုင်ပေမည်။

၆။ ကလေးစစ်သားများက ကျူးလွန်ခဲ့သောရာဇဝတ်မှုများ သို့မဟုတ် တာဝန်ထမ်းဆောင်

နေစဉ်အတွင်း အခြားသူများက ၎င်းတို့အပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများနှင့်ပတ်သက်၍ တရားစီရင်မှုစနစ်တရပ် ပေါ်ထွန်းလာစေရန်အတွက် လူမှုအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း ဆောင်ရွက်သွားရန်၊

၇။ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများကို စစ်ရေးအရဖြေရှင်းမည့်အစား ငြိမ်းချမ်းစွာဖြင့် နိုင်ငံရေးအရ ဖြေရှင်းသွားရန်အတွက် အတိုက်အခံအုပ်စုများနှင့် လက်တွဲလုပ်ဆောင်သွားရန်၊ နအဖအနေဖြင့် အတိုက်အခံပါတီနှင့် တိုင်းရင်းသားလူမျိုးစုတို့ဖြင့် တွေ့ဆုံဆွေးနွေးမှု လုပ်ငန်းစဉ်များစတင်ရန်၊ ထိုသို့တွေ့ဆုံ ဆွေးနွေးသည့် ကာလများအတွင်း၌ပင် လက်နက်ကိုင် ပဋိပက္ခများ၏ ဆိုးကျိုးကိုခံစားခဲ့ရသော ကလေးများနှင့် မြန်မာ့တပ်မတော်နှင့် လက်နက်ကိုင် အတိုက်အခံ အင်အားစုများ၏ ပြုမူဆက်ဆံမှုများကြောင့် ထိခိုက်နစ်နာခဲ့ရသော ကလေး များအရေးကို ဦးစားပေးထည့်သွင်း ဆွေးနွေးရန်၊

၈။ အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများအတွင်းမှ ကလေးစစ်သားများကို စစ်မှုထမ်း ခြင်းမှ နုတ်ထွက်ခွင့်ပြုသည့် လုပ်ငန်းစဉ်များကို နအဖအနေဖြင့် ထောက်ခံအားပေးရန်၊ အစိုး ရမဟုတ်သော လက်နက်ကိုင်အုပ်စုများဆီက စစ်မှုထမ်းခြင်းမှ နုတ်ထွက်လာသော ကလေး များကို ပြန်လည်ပြုစု ပျိုးထောင်ပေးခြင်းနှင့် ပြန်လည်ပေါင်းစည်းရေးအတွက် ပြင်ဆင်ပေး ခြင်းကို လုပ်ကိုင်ပေးနေသော ဒေသများကို လုံခြုံအောင်ဖန်တီးပေးရန်၊

## (ဂ) အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများ (Non-State Actors) သို့ အကြံပြုချက်များ

၁။ ကလေးများ၏ အခွင့်အရေး ကာကွယ်ပေးရေးကို ထိမ်းသိမ်းစောင့်ရှောက်ရန်၊ ငြိမ်းချမ်း သောဘာဝကို ရရှိခံစားနိုင်သော ကလေးများဖြစ်စေရန်၊ (Children as Zones of Peace) ကို လေးစား၍ အမှန်တကယ် တိုးမြှင့်လုပ်ဆောင်ရန်၊ အသက် (၁၈) နှစ်အောက် ကလေး များကို စစ်မှုထမ်းစေခြင်းမှ ရပ်တန့်ရန်၊ အသက် (၁၈) နှစ်အောက်ကလေးများကို စစ်သား သစ်အဖြစ် မခေါ်ယူရဟူသော ပေါ်လစီမူဝါဒတရပ် ပေါ်ထွန်းလာစေရန်နှင့် ထိုပေါ်လစီမူဝါဒကို အကောင်အထည်ဖော်မှုအား စောင့်ကြပ်စစ်ဆေးနိုင်ရန်အတွက် အဖွဲ့တဖွဲ့နှင့်တဖွဲ့ ကူညီ သွားရန်၊

၂။ မိမိတို့၏ တပ်ဖွဲ့များတွင် ကလေးများကို စစ်မှုထမ်းခြင်းမှ နုတ်ထွက်ခွင့်ပြုခြင်း၊ ပြန်လည်ပြုစု ပျိုးထောင်ခြင်းနှင့် လူမှုရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းအသားကျစေခြင်းတို့ကို လူမှုလူတန်း စား အဖွဲ့အစည်းများနှင့် လက်တွဲ၍ စုပေါင်းအကောင်အထည်ဖော်သွားရန်၊

၃။ လူ့အခွင့်အရေးနှင့် ကလေးအခွင့်အရေးများဆိုင်ရာ သင်တန်းအစီအစဉ်များကို မိမိတို့၏ တပ်ဖွဲ့ဝင်များအတွက် စီစဉ်ဆောင်ရွက်ပေးရန်၊ မိမိတို့၏ အုပ်ချုပ်မှုလက်အောက်တွင်ရှိသော ရပ်ရွာဒေသများတွင် ကလေးငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်ရွာလူထုနှင့် ပူးတွဲလုပ်ဆောင်သွားရန်၊



၄။ ရက်စက်ကြမ်းကြုတ်သော အမှုများကိုကျူးလွန်ခဲ့သော ကလေးစစ်သားများနှင့် အကြမ်းဖက်မှုများ ကျူးလွန်ခံရသော ကလေးစစ်သားများအတွက် တရားစီရင်ရေး ယန္တရားများကို သတ်မှတ်ပြဋ္ဌာန်းနိုင်ရန်အတွက် လူထုအဖွဲ့အစည်းများဖြင့် လက်တွဲလုပ်ဆောင်သွားရန်၊

၅။ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာရပ်များအတွက် ငြိမ်းချမ်းသောနိုင်ငံရေး နည်းဗျူဟာများဖြင့် ဖြေရှင်းနိုင်ရေးကို ဦးစားပေးဆောင်ရွက်သွားရန်၊ စစ်အစိုးရနှင့် တွေ့ဆုံဆွေးနွေးမှုများ ဖြစ်ပေါ်လာအောင် ပံ့ပိုးအားပေးနိုင်မည့် လူထုအဖွဲ့အစည်းများ အားကောင်းလာစေရေး အတွက် လုပ်ဆောင်သွားရန်၊

## (ဃ) လူထုအခြေပြု အဖွဲ့အစည်းများအား အကြံပြုချက်များ

### ၁။ ဒေသခံ လူထုအဖွဲ့များနှင့် အစိုးရမဟုတ်သော အဖွဲ့များအနေဖြင့်

**က။** ကလေးစစ်သားများအရေးသည် အမှန်တကယ် အရေးတကြီးချက်ချင်းလုပ်ဆောင်ရမည့် အရေးကိစ္စဖြစ်သည်ကို အသိအမှတ်ပြုပြီး သင့်လျော်သော လှုပ်ရှားဆောင်ရွက်မှုများ ဖြစ်ပေါ်လာစေရန်အတွက် လှုံ့ဆော်ပေးနိုင်သည့် အချက်အလက်များ ရရှိပြင်ဆင်နိုင်အောင် ကူညီလုပ်ဆောင်ပေးရန်၊ ပြည်တွင်းရှိ ပြည်သူလူထုများနှင့် ထိစပ်လုပ်

ကိုင်နေသောအဖွဲ့မျိုး သို့မဟုတ် လက်နက်ကိုင်အဖွဲ့များနှင့်ဆက်စပ်မှုရှိသော အဖွဲ့မျိုးတို့သည် ကလေးစစ်သားအရေးနှင့် ပတ်သက်၍ လှုံ့ဆော်မည့်သူများကို သတင်းအချက်အလက်များ ပိုမိုပေးနိုင်သည့် အနေအထားမျိုးရှိသည်။

**ခ။** မိမိတို့လုပ်ကိုင်နေသော လုပ်ငန်းအစီအစဉ်များကို ဦးစားပေးဆောင်ရွက်ရာတွင် ကလေးစစ်သားများအရေးကို ထည့်သွင်းရန်၊

**ဂ။** အသက်(၁၈)နှစ်အောက် ကလေးများကို စစ်တပ်အတွင်း ဝင်ရောက်စေခြင်း မပြုရန်နှင့် ကလေးစစ်သားများအရေးကို ပိုမိုနားလည်သဘောပေါက်လာစေရန် ရည်ရွယ်၍ အစိုးရမဟုတ်သော အဖွဲ့များနှင့် ဒေသခံနအဖ စစ်တပ်ရင်းများသည် တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန်၊

**ဃ။** ကလေးများအား စစ်တပ်အတွင်း ဝင်ရောက်ခိုင်းခြင်းအား တားမြစ်ရေးနှင့် စစ်တပ်တာဝန်မှ နုတ်ထွက်လာခဲ့သော ကလေးစစ်သားများအား ကူညီစောင့်ရှောက်ရေးအတွက် သင့်လျော်သည့် မူဝါဒနှင့်အစီအစဉ်များချမှတ်ရန် ကြိုးပမ်းနေသော လက်နက်ကိုင်အဖွဲ့အစည်းများကို ကူညီမှုများပေးရန်၊



**င။** စစ်တပ်စခန်းများကနေ၍ ထွက်ခွာလာသော ကလေးများအနေဖြင့် လုံခြုံစိတ်ချမှုရှိသည်ဟု ခံစားစေပြီး စစ်တပ်မှထွက်ခွာလာသည့်အတွက် အပြစ်ပေးခြင်းကို မပြုလုပ်နိုင်သော၊ ကလေးများအတွက် ခိုလှုံရာနေရာများ၊ ကျောင်းအိပ်ကျောင်းစား အဆောင်များရှိသော ကလေးများအတွက် ခိုလှုံစရာနေရာများကို လက်နက်ကိုင်အဖွဲ့များက ဖော်ထုတ်ဖန်တီးပေးနိုင်ရန်အတွက် ကူညီဆောင်ရွက်ပေးရန်၊ ထိုသို့လုပ်ဆောင်ရာတွင် လုံခြုံစိတ်ချ ရသည်ဟုဆိုသော ထိုခိုလှုံရာနေရာများသည် စစ်သားများစုဆောင်းသည့်

နေရာမျိုးဖြစ်မသွားစေရန် အတွက် အာမခံရန် အထူးအရေးကြီးသည်။

၈။ စစ်မှုထမ်းအဖြစ်မှ နုတ်ထွက်လာသော ကလေးများ သို့မဟုတ် အခြားတဖက်မှ လက်နက်ချထွက်ပြေး၍ မိမိတို့ထံခိုလှုံလာသည့် ကလေးစစ်သားများအတွက် စာသင်ကျောင်းသစ်များ၊ ပညာရေးစီမံချက်များကို အမြန်ဆုံး တိုးချဲ့လုပ်ကိုင်သွားရန်၊ စစ်မှုထမ်းတာဝန်မှ နုတ်ထွက်လာသည့် ကလေးများအတွက် ၎င်းတို့၏ အသက်အရွယ်၊ ကုစားပေးရန် လိုအပ်သောအချက်များနှင့် စစ်မက်ဒေသများ၏ အပြင်ဘက် ဘဝလမ်းသစ်များအတွက် အမှန်တကယ် အဓိပ္ပာယ်ရှိပြီး သင့်လျော်သည့် ပညာရေးအစီအစဉ်များ တိုးတက်မြင့်မားလာရေးကို လုပ်ဆောင်ဖြည့်ဆည်းပေးရန်၊

၁၀။ မြန်မာနိုင်ငံတွင် ကာလကြာမြင့်စွာဖြစ်ပွားနေခဲ့သော ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံရေးအရ ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးမှုများ တိုးတက်ဖြစ်ပေါ်လာစေရေးအတွက် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်သွားရန်၊

၉။ မြန်မာနိုင်ငံငြိမ်းချမ်းရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲသော အဖြေကိုရှာနိုင်ရန် နိုင်ငံအတွင်း ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းများကို တိုးတက်အောင် လုပ်ဆောင်ကြရန်၊

## ၂။ နိုင်ငံတကာ အသိုင်းအဝိုင်းသို့ အကြံပြုချက်များ

က။ မြန်မာနိုင်ငံ ပြည်တွင်းပြည်ပရှိ လူထုအဖွဲ့အစည်းများ၏ စွမ်းရည်မြှင့်တင်ရေးနှင့် လုပ်ဆောင်နိုင်မှု အရည်အချင်း တိုးတက်ရေးအတွက် သင့်လျော်သော အရင်းအမြစ် အထောက်အကူများ၊ အတတ်ပညာပံ့ပိုးမှုများနှင့် နိုင်ငံရေးအရ ထောက်ခံအားပေးမှုများကို ပံ့ပိုးပေးရန်၊ အထူးသဖြင့် ကလေးအခွင့်အရေးဆိုင်ရာ လုပ်ငန်းနယ်ပယ်များတွင်လည်းကောင်း၊ ကလေးစစ်သားအသုံးပြုမှုကို ရပ်တံ့ရန်လုပ်ဆောင်သည့် လှုပ်ရှားဆောင်ရွက်မှုများနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုများ လုပ်ဆောင်ရာတွင်လည်းကောင်း အထူးကူညီပံ့ပိုးမှုများ လုပ်ဆောင်ရန်၊

ခ။ မြန်မာနိုင်ငံရှိ ဒီမိုကရေစီအရေးနှင့် ကလေးအခွင့်အရေးများကို နိုင်ငံတကာက ပိုမိုသိရှိ၍ အားပေးထောက်ခံမှုများရရှိအောင် လုပ်ဆောင်သွားရန်၊

ဂ။ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ လုပ်ငန်းအစီအစဉ်များတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရေးနှင့် ကလေးများကို အကာအကွယ်ပေးရေး အကြောင်းအရာကို ဦးစားပေး၍ ထည့်သွင်းဆွေးနွေးသွားရန်၊

ဃ။ ဒေသအတွင်းရှိ အခြားသောအစိုးရများ၊ အရှေ့တောင်အာရှ နိုင်ငံများအသင်း

(ASEAN) နှင့် အာရှပစိဖိတ်ဒေသ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဖွဲ့ (APEC) တို့က နအဖစစ်အစိုးရအပေါ် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်ရေးအတွက် အရေးဆိုလာစေဖို့ လှုံ့ဆော်ရန်၊




**၄။** နအဖစစ်အစိုးရက ကလေးစစ်သားများအရေးကို အသိအမှတ်ပြု၍ တုံ့ပြန်ဆောင်ရွက်မှုများ လုပ်ဆောင်လာအောင် တိုက်ရိုက်လှုံ့ဆော်ရန်၊

**၅။** သက်ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်ယန္တရားများတွင် မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး ချိုးဖောက်မှုများကို တင်ပြအရေးဆို တိုင်ကြားရန်၊

**၆။** မြန်မာနိုင်ငံရှိ စစ်မှန်သော ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ထောက်ခံအားပေးရန်၊

**၇။** အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများကို လမ်းလှမ်းမီ ထိစပ်နိုင်အောင် လုပ်ဆောင်ရန်၊

## (ဂ) ကလေးများသည် ငြိမ်းချမ်းရေး၏ မိတ်ဖက်ပင်ဖြစ်သည်။

နောက်ဆုံးအနေနှင့် အားလုံးကိုပန်ကြားလိုသည်မှာ မြန်မာနိုင်ငံရှိ ကလေးသူငယ်များနှင့် လူငယ်များအကြားတွင် လုပ်နိုင်ကိုင်နိုင်စွမ်းများ အထူးများပြားစွာ ရှိနေသည့်အချက်ကို အသိအမှတ်ပြုပေးရန်ဖြစ်သည်။ လက်နက်ကိုင် အဖွဲ့များတွင် ကလေးစစ်သားများသည် ပင်လျှင် ကလေးစစ်သားများ အသုံးပြုခြင်းကို ရပ်တန့်ရန်အတွက် ဖြေရှင်းနိုင်မည့် နည်းလမ်းများကို သူတို့ကိုယ်တိုင် ရှာဖွေနိုင်စွမ်းရှိသည်။ ကလေးသူငယ်များသည် တရားမျှတ၍ ငြိမ်း

ချမ်းသောနိုင်ငံ၏ အနာဂတ်အတွက် မျှော်မှန်းချက်များကို သယ်ဆောင်ထားသူများဖြစ်သလို ကျွန်ုပ်တို့ကိုယ်တိုင် မဖြေနိုင်သောမေးခွန်းများ၏ အဖြေပိုင်ရှင်များလည်းဖြစ်သည်။ ထို့ပြင် ရှေ့ဆက်လုပ်ဆောင်ရမည့် ခြေလှမ်းများကို ပိုင်စိုးသည့် ခွန်အားရှင်များလည်း ဖြစ်ပါသည်။ ကလေးငယ်များသည် စစ်ပွဲများကိုရပ်တန့်စေပြီး ငြိမ်းချမ်းရေးကို လက်တွဲပါဝင်မည့် လက်တွဲဖော်မိတ်ဖက်များ ဖြစ်သည့်အားလျော်စွာ အထက်တွင်ဖော်ပြထားသည့် အကြံပြုချက်များကို အကောင်အထည်ဖော်သည့် အဆင့်တိုင်းတွင် ကလေးများ၏ဆန္ဒ၊ အသံနှင့် ဆွေးနွေးမှုများ ပါဝင်ရန်လိုအပ်သည်။

### “ စစ်ပွဲအဆုံးသတ်ရေးအတွက်

● ကမ္ဘာ့ခေါင်းဆောင်များသည် အင်အားအသုံးပြုခြင်းအစား ငြိမ်းချမ်းစွာဖြင့် စေ့စပ်ညှိနှိုင်းဆွေးနွေးမှုနည်းလမ်းများ အသုံးပြုခြင်းဖြင့်သာ ပဋိပက္ခများကို ဖြေရှင်းဆောင်ရွက်သွားရန်။

● ဒုက္ခသည်ကလေးများနှင့် စစ်ပွဲများ၏သားကောင်ဖြစ်ခံရသော ကလေးများကို နည်းလမ်းပေါင်းစုံဖြင့် အကာကွယ်ပေးရန်နှင့် အခြားသောကလေးများ အားလုံးကဲ့သို့ တူညီသောအခွင့်အလမ်းများ ရရှိစေရန်။

● လက်နက်ဖျက်သိမ်းရန်၊ လက်နက်များကုန်ကူးမှု ပပျောက်စေရန်နှင့် ကလေးစစ်သားများအသုံးပြုမှု အဆုံးသတ်ရန် လိုအပ်သည်ဟု **ကျွန်ုပ်တို့ ကလေးများက ရှုမြင်သုံးသပ်သည်။**

ကလေးများ၏ အခွင့်အရေးအတွက် တိုက်ပွဲဝင်သွားရာတွင် အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်သွားရန် ကျွန်ုပ်တို့ကတိပြုသည်။ ကလေးများကိုယ်စား သင်တို့လုပ်ဆောင်မည့်လှုပ်ရှားမှုများကို ထောက်ခံရန်အတွက် ကျွန်ုပ်တို့ကတိပြုစဉ်မှာပင် ကျွန်ုပ်တို့လုပ်ဆောင်နေသော လှုပ်ရှားမှုများကိုလည်း သင်တို့က ထောက်ခံရန် ပန်ကြားလိုပါသည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာပေါ်ရှိ ကလေးငယ်များအပေါ် အထင်အမြင် လွဲမှားမှုများ ရှိသောကြောင့်ဖြစ်သည်။

– ကျွန်ုပ်တို့သည် ပြဿနာများ၏ ရေသောက်မြစ်များမဟုတ်ပါ။ ကျွန်ုပ်တို့သည် ထိုပြဿနာများကို ဖြေရှင်းနိုင်မည့် အရင်းအမြစ်များသာဖြစ်ပါသည်။

– ကျွန်ုပ်တို့သည် ကုန်ကျမှုရှိသော အရာများမဟုတ်ဘဲ၊ ရင်းနှီးမြှုပ်နှံစရာ အရာများသာဖြစ်သည်။

– ကျွန်ုပ်တို့မှာ ငယ်ရွယ်သူများ သက်သက်သာမဟုတ်ဘဲ၊ ဤကမ္ဘာကြီး၏ နိုင်ငံသားနှင့် ပြည်သူများလည်း ဖြစ်ကြပါသည်။

ကျွန်ုပ်တို့အပေါ် တာဝန်ရှိမှုများကို အခြားသူများက လက်မခံမချင်း ကျွန်ုပ်တို့၏ အခွင့်အရေးများကို တောင်းဆိုသွားမည်ဖြစ်သည်။ ကျွန်ုပ်တို့တွင် ပြင်းပြသောစိတ်ဆန္ဒ၊ အတွေ့အကြုံဗဟုသုတ၊ တုံ့ပြန်ခံစားမှုနှင့် ခိုင်မာသော ရည်မှန်းချက်များရှိသည်။

အားလုံးအတွက် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးတခုကို ရှန်းကန်ကြိုးစား ဖော်ဆောင်သွားရန် ကျွန်ုပ်တို့အားလုံး စည်းလုံးညီညွတ်ကြသည်။ သင်တို့က ကျွန်ုပ်တို့အား အနာဂတ် ကလေးများဟု ခေါ်ဝေါ်နေသော်လည်း ကျွန်ုပ်တို့သည် ယနေ့ပစ္စုပ္ပန်များလည်း ဖြစ်သည်။ ”

၂၀၀၂ ခုနှစ်တွင် ကလေးများအတွက် အထူးအစီအစဉ်အဖြစ် ကျင်းပခဲ့သော ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တင်သွင်းခဲ့သည့် ကလေးများ၏ “ ကျွန်ုပ်တို့အတွက် လိုက် လျောညီထွေ သင့်လျော်သောကမ္ဘာကြီး” ဆွေးနွေးပွဲသဝဏ်လွှာမှ ကောက်နုတ်ထားချက်ဖြစ်သည်။

